# ကလေးသူငယ်စောင့်ရှောက်ရေးဥပဒေ

သာသနာသက္ကရာဇ် ၂၅၄၆

ဖူမိဖွန်အဓုယဒက်  ပ.လ

ထုတ်ပြန်သည့်နေ့စွဲ သာသနာသက္ကရာဇ် ၂၅၄၆ခုနှစ် ၊စက်တင်ဘာလ၊ ၂၄ရက်

ယခုမင်းနန်းစံနှစ် ၅၈ နှစ်မြောက်

ပေါ်လမီထရမဟာဖူမိဖွန်အဓုယဒက်ဘုရင်မင်းမြတ်မှသင့်လျော်မှုရှိစေရန်ပြန်လည်ပြုပြင်ထားသောကလေးသူငယ်စောင့်ရှောက်ရေးဥပဒေပြဋ္ဌာန်းချက်အားကြေငြာရန်အမိန့်တော်ထုတ်ပြန်လိုက်သည်။

ဤဥပဒေပြဋ္ဌာန်းချက်၌လူ့အခွင့်ရေးနှင့်လွတ်လပ်ရေးတို့အားကန့်သတ်ခြင်းများနှင့်ဆိုင်သောပြဋ္ဌာန်းချက်တချို့ပါဝင်သည်။ ၄င်းပြဋ္ဌာန်းချက်များသည်ထိုင်းနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပုဒ်မ ၂၉ တွဲပုဒ်မ ၃၁၊ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၈နှင့် ပုဒ်မ ၅၀ တို့ဖြစ်၍ဥပဒေပြဋ္ဌာန်းချက်အာဏာအတိုင်းသာလိုက်နာကျင် သုံးရန်ပြဋ္ဌာန်းထားသည်။

သို့ပါ၍ပြည်သူလွှတ်တော်၏အကြံပြုချက်နှင့်ထောက်ခံချက်များအရဘုရင်မင်းမြတ်သည်အောက်ဖော်ပြပါဥပဒေပြဋ္ဌာန်းချက်၌ဘုရင့်တံဆိပ်တော်ကိုအသုံးပြုရန်ခွင့်ပြုတော်မူသည်။

ပုဒ်မ ၁။ ။ဤဥပဒေပြဋ္ဌာန်းချက်ကို ‘သာသနာသက္ကရာဇ် ၂၅၄၆ ခုနှစ် ၊ ကလေးစောင့်ရှောက်ရေးဆိုင်ရာဥပဒေ’ ဟုခေါ်တွင်စေရမည်။

ပုဒ်မ ၂။ ။ဤဥပဒေကိုနိုင်ငံတော်ဥပဒေများကြေညာပြဋ္ဌာန်းခြင်းစာစောင်တွင်ထည့်သွင်းပြဋ္ဌာန်းသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ ကျော်သည့်နှင်လိုက်နာကျင့်သုံးရမည်။

ပုဒ်မ ၃။ ။ဖော်ပြပါဥပဒေပြဋ္ဌာန်းချက်များကိုရုပ်သိမ်းသည်။

(၁) တော်လှန်ရေးကောင်စီ၏ ၂၂–၄–၂၅၁၅ နေ့စွဲပါအမိန့်ကြေညာချက်အမှတ် ၁၃၂

(၂) တော်လှန်ရေးကောင်စီ၏ ၂၇–၁၁–၂၅၁၅ နေ့စွဲပါအမိန့်ကြေညာချက်အမှတ် ၂၉၄

ပုဒ်မ ၄။ ။ဤအမိန့်တော်ဥပဒေပြဋ္ဌာန်းချက်၌

‘ကလေး’ ဆိုသည်မှာအသက်(၁၈)နှစ်တိတိမပြည့်သူကိုဆိုလိုသည်။သို့သော်ဥပဒေအရလက်ထပ်ခြင်းပြုပြီးသူသည်ဤအချက်တွင်အကျုံးမဝင်ပါ။

ထိုင်းနိုင်ငံကလေးကာကွယ်စောင့်ရှောက်ရေးဥပဒေ(ဘီ.အီး၂၅၄၆)ကိုမြန်မာဘာသာသို့အခြေအနေအရဘာသာပြန်ဆိုခြင်းသာဖြစ်သည်။
ခရစ်သက္ကရာဇ်၂၀၁၁ခုနှစ်၊ဖေဖော်ဝါရီလတွင်ထိုင်းနိုင်ငံယူနီဆက်ဖ်ရုံးမှထိုဘာသာပြန်မှုစတင်ဖြစ်မြောက်ရေးအတွက်ထောက်ပံ့ကူညီပေးခြင်းဖြစ်သည်။

'လေလွင့်ကလေး' ဆိုသည်မှာ မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိသောကလေးများ သို့မဟုတ် မိဘ သို့မဟုတ် အုပ်ထိန်းသူရှိသော်လည်းမကြည့်ရှုမစောင့်ရှောက်နိုင်ခြင်းကြောင့်ကလေးသည့်နေရာအနှံ့နှံ့ သို့လေလွင့်သွားခြင်း သို့မဟုတ်ကလေးကိုယ်တိုင်မှအန္တရာယ်ရှိသောလေလွင့်စရိုက်၊အနေအထိုင်၊အပြုအမူရှိသောကလေးကိုဆိုလိုပါသည်။

'မိဘမဲ့ကလေး' ဆိုသည်မှာ ကလေး၏ဖခင် သို့မဟုတ် မိခင်သေဆုံးသွားခြင်း၊ မိခင်ဖခင်တို့ကိုမတွေ့နိုင်သောကလေး သို့မဟုတ် မိခင်ဖခင်တို့ကိုရှာဖွေ၍မရနိုင်သောကလေးကိုဆိုလိုသည်။

'ဆင်းရဲဒုက္ခရောက်သောကလေး' ဆိုသည်မှာဆင်းရဲသောမိသားစုတွင်နေထိုင်သောကလေး သို့မဟုတ် မိဘနှစ်ပါးကွာရှင်းပြတ်စဲခြင်း၊ အချုပ်အနှောင်ကျနေခြင်း၊ ပစ်သွားခြင်း သို့မဟုတ် တကွဲတပြားစီနေခြင်းကြောင့်ဆင်းရဲဒုက္ခရောက်နေခြင်း သို့မဟုတ် ကလေး၏အရွယ်၊အသိ၊ဉာဏ်စွမ်းရည်နှင့်မမျှဘဲမိသားစုတာဝန်ကိုထမ်းဆောင်နေရသောကလေး သို့မဟုတ် မိမိကိုယ်ကိုမပြုစုမစောင့်ရှောက်နိုင်သောကလေးစသည်တို့ကိုဆိုလိုသည်။

'ဒုက္ခိတကလေး' ဆိုသည်မှာ ခန္ဓာကိုယ်၊ဉီးနှောက်၊အသိပညာ သို့မဟုတ် စိတ်ချို့ယွင်းနေသောကလေးဖြစ်ပြီးအဆိုပါချို့ယွင်းချက်များသည်မွေးရာပါချို့ယွင်းချက်များသာမကမွေးပြီးနောက်မှဖြစ်ပေါ်လာသောချို့ယွင်းချက်များပါအားလုံးအကျုံးဝင်သည်။

'ပြစ်မှုအလွယ်တကူကျူးလွန်နိုင်သောကလေး' ဆိုသည်မှာဝန်ကြီးအဖွဲ့ဥပဒေမှဆိုသွမ်းသည်ဟုသတ်မှတ်ထားသောအချက်များအတိုင်းမလျော်ကန်သောအပြုအမူရှိသည့်ကလေး၊ ပြစ်မှုကျူးလွန်နိုင်သောအသက်မွေးဝမ်းကျောင်းအလုပ်လုပ်ကိုင်သောကလေး သို့မဟုတ် ဥပဒေဘောင်းကျူးလွန်ရန် သို့မဟုတ် ကိုယ်ကျင့်သီလပျက်ပြားအောင်ဖျားယောင်းသွေးဆောင်နိုင်သောသူများနှင့်ပေါင်းသင်းဆက်ဆံသောကလေး သို့မဟုတ် ပျက်စီးလွယ်သောပတ်ဝန်းကျင်အနေအထား သို့မဟုတ် နေရာတွင်နေထိုင်သောကလေးကိုဆိုလိုသည်။

'ကျောင်းသားကျောင်းသူ' ဆိုသည်မှာ အစိုးရပညာရေးဌာန သို့မဟုတ် ပုဂ္ဂလိကပညာရေးဌာနများတွင်အခြေခံပညာရေးအဆင့်ဖြစ်သောမူလတန်းပညာရေး၊အလယ်တန်းနှင့်အထက်တန်းပညာရေးသင်ယူနေသောကလေးအပြင်ပုံမှန်ကျောင်းပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာရေး သို့မဟုတ် အဆိုပါပညာရေးများနှင့်အဆင့်တူသောပညာရေးကိုသင်ယူနေသောကလေးကိုဆိုလိုသည်။

'အဆင့်မြင့်ပညာရေးကျောင်းသားကျောင်းသူ' ဆိုသည်မှာအစိုးရပညာရေးဌာန သို့မဟုတ် ပုဂ္ဂလိကပညာရေးဌာနများတွင်အဆင့်မြင့်ပညာရေးအဆင့်အားသင်ယူနေသောကလေး သို့မဟုတ် အဆိုပါပညာရေးနှင့်အဆင့်တူသောပညာရေးအားသင်ယူနေသောကလေးကိုဆိုလိုသည်။

'မိခင်ဖခင်' ဆိုသည်မှာကလေး၏မိခင်ဖခင်ဖြစ်ပြီးငင်းမိခင်ဖခင်သည်တရားဝင်လက်ထပ်ခြင်းရှိသည်ဖြစ်စေမရှိသည်ဖြစ်စေအဆိုပါအချက်တွင်အကျုံးဝင်သည်။

'အုပ်ထိန်းသူ' ဆိုသည်မှာ မိခင်ဖခင်၊ တရားဝင်အသိမှတ်ပြုထားသောအုပ်ထိန်းသူ၊ တရားဝင်ကလေးမွေးစားထားသောသူ၊ တရားမမှုဆိုင်ရာကျင့်ထုံးများအရကလေးအားတရားဝင်ကြည့်ရှုစောင့်ရှောက်ခွင့်ရသောအုပ်ထိန်းသူအပြင်မိထွေးနှင့်ဖထွေးတို့လည်းအကျုံးဝင်သည်။ ထို့အပြင်ကလေးလုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူ၊ကလေး၏အလုပ်ရှင်အပါအဝင်ကလေးအားပြုစုစောင့်ရှောက်သောသူများ သို့မဟုတ် ကလေးမှသွားရောက်မှီခိုနေထိုင်သောသူများကိုလည်းဆိုလိုသည်။

'မွေးစားမိသားစု' ဆိုသည်မှာတစ်ပါးသူ၏ကလေးကိုမိမိ၏သားသမီးကဲ့သို့ကျွေးမွေးပြုစုစောင့်ရှောက်သောသူတို့ကိုလိုဆိုလိုသည်။

'တရားသဖြင့်ကျွေးမွေးစောင့်ရှောက်မှုမပြုခြင်း' ဆိုသည်မှာကလေးအားကျွေးမွေးပြုစုခြင်း၊သွန်သင်ဆုံးမခြင်း သို့မဟုတ် ကလေး၏ဖွံ့ဖြိုးတိုးရေးကိုပြုလုပ်ပေးရာ၌ ဝန်ကြီးဌာနမှသတ်မှတ်ထားသောအခြေခံအနိမ့်ဆုံးအဆင့်ကျွေးမွေးစောင့်ရှောက်ရမည့်အဆင့်ထက်နိမ့်ကျနေခြင်းဖြစ်သည်။ထိုသို့နိမ့်ကျနေခြင်းမှကလေး၏ကိုယ်နှင့်စိတ်ကိုဘေးအန္တရာယ်ထိခိုက်မှုဖြစ်ပေါ်နိုင်သောအနေအထားအထိရှိခြင်းကိုဆိုလိုသည်။

'နှိပ်စက်ညှင်းပန်းခြင်း' ဆိုသည်မှာတမင်ပြုလုပ်၍ဖြစ်စေ သို့မဟုတ် လစ်လျူရှုကြောင့်ဖြစ်စေကလေး၏လွတ်လပ်မှုဆုံးရှုံးသည်အထိဖြစ်စေခြင်း သို့မဟုတ် ကလေး၏စိတ်နှင့်ကိုယ်အားဘေးအန္တရာယ်ဖြစ်စေခြင်း၊ ကလေးအားလိင်မှုကိစ္စကျူးလွန်ခြင်း၊ ကလေး၏စိတ်နှင့်ကိုယ်အားဘေးအန္တရာယ်တစ်စုံတစ်ရာဖြစ်စေနိုင်သောအရာကိုစေခိုင်းခြင်း သို့မဟုတ် ဥပဒေကိုချိုးဖေါက်စေခြင်း သို့မဟုတ် ကိုယ်ကျင့်သီလတရားကိုချိုးဖေါက်သောအပြုအမူကိုပြုမူစေခြင်းတို့ဖြစ်သည်။ အဆိုပါစေခိုင်းခြင်းတွင်ကလေးမှကျေနပ်သဘောတူလက်ခံ၍ဖြစ်စေ၊ ကျေနပ်သဘောတူလက်ခံခြင်းမရှိသည်ဖြစ်စေအထက်ဖော်ပြပါအပြုအမူအားလုံးသည်နှိပ်စက်ညှင်းပန်းခြင်းတွင်အကျုံးဝင်သည်။

'စုံစမ်းရှာဖွေခြင်းနှင့်လေ့လာစစ်ဆေးခြင်း' ဆိုသည်မှာလူပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်အကြောင်းအရာများကိုရှာဖွေစုဆောင်းပြီး ၎င်းအချက်အလက်များကိုလူမှုဝန်ထမ်းနှင့်ကယ်ဆယ်ရေးဆိုင်ရာနည်းပညာရပ်၊ ဆေးပညာ၊ စိတ်ပညာ၊ ဥပဒေပညာနှင့်လူပုဂ္ဂိုလ်နှင့်မိသားစုဆိုင်ရာလေ့လာမှုဆိုင်ရာနည်းပညာရပ်များကိုအသုံးပြုပြီးလေ့လာစစ်ဆေးအဖြေထုတ်ခြင်းကိုဆိုလိုသည်။

'ကလေးထိန်းကျောင်း' ဆိုသည်မှာအသက်(၆)နှစ်တင်းပြည့်မကျော်သေးသောကလေးဦးရေအနည်းဆုံး(၆)ယောက်ရှိရမည်ဖြစ်ပြီးအဆိုပါကလေးများအားဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျွေးမွေးပြုစုစောင့်ရှောက်ရေးပေးသောနေရာကိုဆိုလိုသည်။

'ယာယီလက်ခံရေးဌာန' ဆိုသည်မှာကလေးတစ်ဦးချင်းစီနှင့်သင့်လျော်မည့်ကူညီကယ်ဆယ်ရေးနှင့်လုံခြုံရေးစောင့်ရှောက်မှုကိုစီမံပေးနိုင်ရန်အတွက်ကလေးနှင့်ကလေး၏မိသားစုအချက်လက်အကြောင်းအရာများကိုစုံစမ်းရှာဖွေမှုနှင့်လေ့လာစစ်ဆေးမှုပြုနေစဉ်အတွင်းကလေးအားယာယီကျွေးမွေးပြုစုစောင့်ရှောက်ထားသောနေရာကိုဆိုလိုသည်။

'ကူညီကယ်ဆယ်ရေးဌာန' ဆိုသည်မှာကျွေးမွေးပြုစုစောင့်ရှောက်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးအမှန်တကယ်လိုအပ်သည့်ကလေးဦးရေအနည်းဆုံး(၆)ယောက်အထက်ရှိပြီးထိုကလေးများအားပြုစုစောင့်ရှောက်ပေးသောဌာနကိုဆိုလိုသည်။

'လုံခြုံမှုစောင့်ရှောက်ရေးဌာန'ဆိုသည်မှာအမှန်တကယ်လုံခြုံရေးစောင့်ရှောက်မှုပေးသင့်သောကလေးများအတွက်ကိုယ်စွမ်းရည်စိတ်စွမ်းရည်ပြန်လည်နိုးကြားလာအောင်နှင့်အကျင့်စာရိတ္တအပြုအမူများပြန်လည်ကောင်းမွန်လာအောင်လေ့ကျင့်ကုသပေးရန်အတွက်တည်ထောင်ထားသောပညာရေးဌာနများ၊ ပညာပေးသင်တန်းများနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းများပေးသောနေရာဌာနတို့ကိုဆိုလိုသည်။

' ပြည်လည်နိုးကြားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဌာန ' ဆိုသည်မှာကူညီကယ်ဆယ်မှုပေးသင့်သောကလေးနှင့်လုံခြုံရေးစောင့်ရှောက်မှုအထူးထားရှိရမည့်ကလေးများအတွက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်းညွှန်ခြင်းနှင့်ပညာသင်ကြားရေးဆိုင်ရာတို့အပြင်ကလေး၏ကိုယ်စွမ်းရည်စိတ်စွမ်းရည်များပြန်လည်နိုးကြားလာစေရန်နှင့်အကျင့်စာရိတ္တအပြုအမူများပြန်လည်ကောင်းမွန်လာစေရန်လေ့ကျင့်ကုသပေးနိုင်သောဌာနများ၊စာသင်ကျောင်းများ၊ အဖွဲ့အစည်းများ သို့မဟုတ် အဆိုပါကူညီထောက်ပံ့မှုပေးနိုင်ရန်အတွက်တည်ထောင်ထားသောဌာနတို့ကိုဆိုလိုပါသည်။

'လေ့လာစစ်ဆေးရေးဌာန ' ဆိုသည်မှာလူငယ်နှင့်မိသားစုဆိုင်ရာတရားရုံးတည်ထောင်ရေးဥပဒေအရလည်းကောင်း၊ လူငယ်နှင့်မိသားစုဆိုင်ရာတရားစီရင်ထုံးများအရလည်းကောင်းတည်ထောင်ထားသောကလေးနှင့်လူငယ်စောင့်ရှောက်ရေးနှင့်လေ့လာစစ်ဆေးရေးဘန်ကောက်မြို့တော်ဌာန၊ ကလေးနှင့်လူငယ်စောင့်ရှောက်ရေးနှင်လေ့လာစစ်ဆေးရေးခရိုင်ဌာနနှင့်ခရိုင်တရားရုံးဆိုင်ရာမိသားစုနှင့်လူငယ်အမှုဖြေရှင်းရေးဌာန၏ကလေးနှင့်လူငယ်စောင့်ရှောက်ရေးနှင့်စစ်ဆေးလေ့လာရေးဌာနတို့ကိုဆိုလိုသည်။

'ရန်ပုံငွေ ' ဆိုသည်မှာကလေးစောင့်ရှောက်ရေးရန်ပုံငွေကိုဆိုလိုသည်။

'ကော်မတီ ' ဆိုသည်မှာကလေးစောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီကိုဆိုလိုသည်။

'လူမှုဝန်ထမ်းအရာရှိ ' ဆိုသည်မှာဤအမိန့်တော်ဥပဒေပြဋ္ဌာန်းချက်အတိုင်းတာဝန်ထမ်းဆောင်ရန်ဝန်ကြီးမှတာဝန်ပေးအပ်ခြင်းခံရသောသူကိုဆိုလိုသည်။

'ခရိုင်ဦးစီးမှူး ' ဆိုသည်မှာဘန်ကောက်မြို့တော်ဝန်အပါအဝင်ခရိုင်ဦးစီးမှူးမှတာဝန်ပေးအပ်ခြင်းခံရသူများကိုလည်းဆိုလိုသည်။

'ဝန်ကြီးဌာနအတွင်းဝန် ' ဆိုသည်မှာလူအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်းကြီးဌာနအတွင်းဝန်နှင့်အဆိုပါအတွင်းဝန်မှတာဝန်ပေးအပ်ခြင်းခံရသောသူတို့ကိုပါဆိုလိုသည်။

'ဝန်ကြီး ' ဆိုသည်မှာဤဥပဒေပြဋ္ဌာန်းချက်လိုက်နာကျင့်သုံးမှုကိုတာဝန်ယူစောင့်ရှောက်သောဝန်ကြီးကိုဆိုလိုသည်။

ပုဒ်မ ၅။ ။လူငယ်နှင့်မိသားစုမှုခင်းဆိုင်ရာတရားရုံးတည်ထောင်ရေးဥပဒေနှင့်လူငယ်နှင့်မိသားစုမှုခင်းစီရင်ထုံးများအရလူငယ်နှင့်မိသားစုမှုခင်းဆိုင်ရာတရားရေးစီရင်ပိုင်ခွင့်အာဏာရှိသောတရားရုံးသည်ဤအမိန့်တော်ဥပဒေပြဋ္ဌာန်းချက်များအတိုင်းတရားစီရင်ပိုင်ခွင့်အာဏာရှိသည်။သို့သော်လူငယ်နှင့်မိသားစုမှုခင်းဆိုင်ရာတရားရုံး သို့မဟုတ် ခရိုင်တရားရုံးဆိုင်ရာလူငယ်နှင့်မိသားစုအမှုခင်းဌာန

မဖွင့်လှစ်သေးသည့်ခရိုင်မြို့များ၌သာအဆိုပါအမှုများကိုခရိုင်တရားရုံးမှဤအမိန့်တော်ဥပဒေပြဋ္ဌာန်းချက်များအတိုင်းတရားစီရင်ပိုင်ခွင့်အာဏာရှိသည်။

ပုဒ်မ ၆။ ။လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးနှင့်တရားရေးဌာနဝန်ကြီးတို့သည်ဤဥပဒေပြဋ္ဌာန်းချက်လိုက်နာမှုကိုတာဝန်ယူစောင့်ရှောက်ရမည်။ ဝန်ကြီးဌာနအသီးသီး၏ဝန်ကြီးများသည်မိမိတို့ဆိုင်အရာရှိဝန်ထမ်းများခန့်အပ်ပိုင်ခွင့်အာဏာရှိခြင်းအပြင်ဤဥပဒေပြဋ္ဌာန်းချက်ကိုထိရောက်စွာအကောင်ထည်ဖော်ဆောင်ရွက်နိုင်စေရန်နည်းဥပဒေများထုတ်ပြန်ခြင်း သို့မဟုတ် စည်းမျဉ်းဥပဒေများထုတ်ပြန်ခွင့်အာဏာလည်းရှိသည်။ သို့သော်ယင်းဆောင်ရွက်ချက်များသည်ဝန်ကြီးဌာနတစ်ခုချင်းစီ၏ဆောင်ရွက်မှုသာဖြစ်စေရမည်။

ယင်းဝန်ကြီးဌာန၏နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းဥပဒေတို့သည်နိုင်ငံတော်ဥပဒေကြေငြာပြဋ္ဌာန်းချက်စာစောင်တွင်ထည့်သွင်းကြေငြာပြဋ္ဌာန်းပြီးသည်နှင့်လိုက်နာကျင့်သုံးနိုင်သည်။

## အခန်း(၁)

## ကလေးသူငယ်စောင့်ရှောက်ရေးကော်မတီ

ပုဒ်မ ၇။ ။ကလေးစောင့်ရှောက်ရေးနိုင်ငံ့ကော်မတီတွင်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်းကြီးဌာနဝန်ကြီးကိုအမျိုးသားကော်မတီဥက္ကဋ္ဌအဖြစ်ခန့်အပ်ပြီးလူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်းကြီးဌာနအတွင်းဝန်ကိုဒုဥက္ကဋ္ဌအဖြစ်ခန့်အပ်ရမည်။ ထိုနောက်ပြည်ထဲရေးဝန်ကြီးဌာနအတွင်းဝန်၊ တရားရေးဝန်ကြီးဌာနအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနအတွင်းဝန်၊ အမြင့်ဆုံးနိုင်ငံ့အစိုးရရှေ့နေ၊နိုင်ငံတော်ပြည်သူ့ရဲတပ်ဖွဲ့ချုပ်ဦးစီးမှူးချုပ်၊အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာနဦးစီးမှူး၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်သာချောင်ချိရေးဦးစီးဌာနဦးစီးမှူး၊ စိတ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး၊ လူငယ်နှင့်မိသားစုဆိုင်ရာဗဟိုတရားရုံးဦးစီးမှူး၊ ကလေးသူငယ်၊အခြေအနေချို့တဲ့သူများနှင့်သက်ကြီးရွယ်အိုများကြည့်ရှုစောင့်ရှောက်ရေးနှင့်သက်သာချောင်ချိရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့သည်ကော်မတီဝင်များအဖြစ်ပါဝင်ရမည်။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဆိုင်ရာကျွမ်းကျင်သူ၊ပညာရေးဆိုင်ရာသင်ကြားရေးကျွမ်းကျင်သူ၊ စိတ်ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူ၊ ဥပဒေဆိုင်ရာကျွမ်းကျင်သူ၊ ဆေးပညာကုသရေးဆိုင်ရာကျွမ်းကျင်သူဆရာဝန်ယင်းဖော်ပြပါအသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုစီ၌အနည်းဆုံးတာဝန်ထမ်းဆောင်သည့်သက်တမ်း(၇)နှစ်အထက်ရှိသောသူနှစ်ဦးစီအပါအဝင်ပုဂ္ဂလိကဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းအသီးသီးမှအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်မျိုးလျှင်အနည်းဆုံးကိုယ်စားလှယ်တစ်ဦးစီနှင့်ကလေးများသက်သာချောင်ချိရေးဆိုင်ရာကဏ္ဍတွင်တာဝန်ထမ်းဆောင်မှု(၇)နှစ်အထက်ရှိပြီးကျွမ်းကျင်အောင်မြင်သောအတွေ့အကြုံရှိသူနှစ်ဦးစသည့်တို့ကိုကော်မတီနာယကအဖွဲ့အဖြစ်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်းကြီးဌာနဝန်ကြီးမှရွေးချယ်တင်မြှောက်ရမည်။လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုး

တက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာနအတွင်းဝန်မှတာဝန်ပေးအပ်ထားသောယင်းဒုအတွင်းဝန်ကိုကော်မတီဝင်အဖြစ်သာမကအတွင်းရေးမှူးအဖြစ်လည်ကောင်းခန့်အပ်ရမည်။

အထက်ဖော်ပြပါပထမအပိုဒ်အရကော်မတီနာယကအဖွဲ့တွင်အမျိုးသမီးဦးရေသည်သုံးပုံတစ်ပုံထက်မလျော့စေရ။

ကော်မတီအဖွဲ့သည်လူအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်းကြီးဌာနမှ(၂)ဦးထက်မကျော်သောနိုင်ငံတော်အမှုထမ်းကိုအကူအတွင်းရေးမှူးအဖြစ်လည်းခန့်အပ်နိုင်သည်။

ပုဒ်မ ၈။ ။လူအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်းကြီးဌာနအတွင်းဝန်ရုံးကိုအမျိုးသားကော်မတီ၏အတွင်းရေးမှူးရုံးအဖြစ်သတ်မှတ်စေပြီးအောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာများရှိစေရမည်။

(၁)ကော်မတီအဖွဲ့၏စီမံခန့်ခွဲရေးကိစ္စအဝဝကိုဆောင်ရွက်ရမည်။

(၂)ကူညီကယ်ဆယ်ရေး၊လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေး၏အကျင့်စာရိတ္တအပြုအမူများကောင်းမွန်စေရန်ပံ့ပိုးပေးခြင်းကဏ္ဍတို့နှင့်သက်ဆိုင်သောနိုင်ငံတော်အမှုထမ်းအဖွဲ့အစည်း၊အစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းများအပြင်ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကိုလည်းဆောင်ရွက်ရမည်။

(၃) နည်းစနစ်၊ ပုံစံနှင့်နည်းလမ်းများအပြင်ကူညီကယ်ဆယ်ရေး၊ လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေး၏အကျင့်စာရိတ္တအပြုအမူများကောင်းမွန်ရန်ပံ့ပိုးပေးခြင်းဆိုင်ရာဝန်ဆောင်မှုကဏ္ဍများတိုးတက်လာအောင်ဆောင်ရွက်ရမည်။

(၄) လေ့လာသုံးသပ်မှုအဖြေနှင့်သုတေသနလုပ်ငန်းအဖြေများကိုစုဆောင်ခြင်းအပြင်အစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောသက်ဆိုင်ရာအဖွဲ့အစည်းတို့၏ကူညီကယ်ဆယ်ရေးကဏ္ဍအစီအစဉ်၊လုံခြုံမှုစောင့်ရှောက်ရေးကဏ္ဍအစီအစဉ်နှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းကဏ္ဍအစီအစဉ်များနှင့်တကွမူဝါဒအပေါ်လိုက်နာကျင့်သုံးမှုတို့ကိုပါလေ့လာစစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းတို့ကိုဆောင်ရွက်ရမည်။ အဆိုပါဆောင်ရွက်ချက်များကိုအမျိုးသားကော်မတီအဖွဲ့သိရှိစေရန်အစီရင်ခံတင်ပြရမည်။

(၅) ကော်မတီအဖွဲ့၏သဘောတူဆုံးဖြတ်သည့်မှုအတိုင်း သို့မဟုတ် ကော်မတီအဖွဲ့မှတာဝန်ပေးအပ်သည့်တာဝန်များအတိုင်းလိုက်နာဆောင်ရွက်ရမည်။

ပုဒ်မ ၉။ ။ကော်မတီနာယကအဖွဲ့ဝင်များ၏ရာထူးသက်တမ်းမှာတစ်ကြိမ်လျှင်သက်တမ်း(၃)နှစ်ဖြစ်သည်။ ကော်မတီဝင်နာယကရာထူး၏သက်တမ်းတစ်ကြိမ်ပြည့်၍ရာထူးမှအငြိမ်းစားယူပြီးသော်လည်းနောက်တစ်ကြိမ်ပြန်၍ရွေးချယ်ခြင်းပြုလုပ်ရာတွင်အဆိုပါရာထူးကိုရွေးချယ်တင်မြောက်ခြင်းခံနိုင်သည်။သို့သော်ထိုသို့ရွေးချယ်တင်မြောက်မှုသည်နှစ်ကြိမ်ဆက်တိုက်ရွေးချယ်ခြင်းထက်မကျော်စေရ။

ပုဒ်မ ၁၀။ ။ကော်မတီဝင်နာယကများ၏ရာထူးသက်တမ်းကိုပုဒ်မ ၉ အရရုပ်စဲခြင်းအပြင်အောက်ပါအနေအထားများ၌လည်းရာထူးမှရုပ်စဲနိုင်သည်။

(၁) သေဆုံးခြင်း၊
(၂) နုတ်ထွက်ခြင်း၊
(၃) တာဝန်မကျေပွန်ခြင်း သို့မဟုတ် ရာထူးတာဝန်အပေါ်ရိုးသားမှုမရှိခြင်း၊ အကျင့်သိက္ခာမလျော်ကန်သောအပြုအမူများရှိခြင်း သို့မဟုတ် စွမ်းဆောင်နိုင်မှုများလျော့ကျခြင်းကြောင့်ဝန်ကြီးမှအဆိုပါတာဝန်ရှိသူကိုရာထူးမှရုပ်စဲခြင်း၊
(၄) အမှုရင်ဆိုင်ခြင်း၌နောက်ဆုံးအဆင့်တရားရုံးမှထောင်ဒဏ်ချမှတ်မှုခံရခြင်း၊
(၅) လူမွဲစာရင်းဝင်ဖြစ်ခြင်း၊
(၆) အရည်အချင်းမဲ့သောသူ သို့မဟုတ် အရည်အချင်းမဲ့သောသူကဲ့သို့ဖြစ်ခြင်း၊
(၇) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ(၃)ကြိမ်ဆက်တိုက်အစည်းဝေးတက်ရောက်ရန်ပျက်ကွက်ခြင်းတို့ဖြစ်ပါသည်။

ပုဒ်မ ၁၁။ ။ကော်မတီနာယကအဖွဲ့ဝင်သည်ရာထူးသက်တမ်းမပြည့်မီရာထူးမှအငြိမ်းစားယူသွားပါကပုဒ်မ ၇ ပါပြဋ္ဌာန်းချက်များနှင့်အညီအရည်အချင်းကိုက်ညီသောသူအားဝန်ကြီးမှလစ်လပ်ရာထူးတွင်အစားထိုးခန့်အပ်ရမည်။ ထိုသို့အစားထိုးခန့်အပ်ခြင်းခံရသောပုဂ္ဂိုလ်၏ရာထူးသက်တမ်းသည်ယခင်တာဝန်ထမ်းဆောင်ခဲ့သောပုဂ္ဂိုလ်၏ကျန်ရှိသောရာထူးသက်တမ်းနှင့်တူညီသည်။

ပုဒ်မ ၁၂။ ။ကော်မတီနာယကအဖွဲ့ဝင်သူသည်ရာထူးသက်တမ်းပြည့်ပြီးသွားသော်လည်းကော်မတီနာယကအသစ်မရွေးချယ်ရသေးသည့်လစ်လပ်ကာလအတွင်းလက်ရှိသက်တမ်းပြည့်ကော်မတီနာယကမှယာယီတာဝန်ထမ်းဆောင်သွားရမည်။

ပုဒ်မ ၁၃။ ။ကော်မတီအစည်းအဝေးကျင်းပခြင်း၌ကော်မတီဝင်အားလုံးအရေအတွက်၏တစ်ဝက်ထက်မနည်းသောအစည်းအဝေးတက်ရောက်သူရှိမှသာလျှင်အစည်းအဝေးကျင်းပခြင်းကိုအတည်ပြုအထမြောက်မည်ဖြစ်သည်။

အစည်းအဝေးကျင်းပရာတွင်ကော်မတီဥက္ကဋ္ဌကိုအစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စေရမည်။ သို့ရာတွင်ကော်မတီဥက္ကဋ္ဌအစည်းအဝေးမတက်ရောက်သည့်အခါ သို့မဟုတ် တာဝန်မထမ်းဆောင်နိုင်သည့်အခါများ၌ကော်မတီဒုဥက္ကဋ္ဌအားအစည်းအဝေးဥက္ကဋ္ဌအဖြစ်ထမ်းဆောင်စေရမည်။ အကယ်၍ကော်မတီဒုဥက္ကဋ္ဌအစည်းအဝေးမတက်ရောက်သည့်အခါ သို့မဟုတ် တာဝန်မထမ်းဆောင်နိုင်သည့်အခါအစည်းအဝေးတက်ရောက်သည့်ကော်မတီဝင်များသည်ကော်မတီဝင်ထဲမှတစ်ဦးဦးကိုအစည်းအဝေးကျင်းပရေးဥက္ကဋ္ဌအဖြစ်ရွေးချယ်ရမည်ဖြစ်သည်။

အစည်းအဝေးတွင်အတည်ပြုဆုံးဖြတ်မှုပြုလုပ်သည့်အခါ၌များရာဆန္ဒမဲဖြင့်ဆုံးဖြတ်ရမည်။ ဆန္ဒမဲပေးရာတွင်ကော်မတီဝင်တစ်ယောက်လျှင်ဆန္ဒမဲတစ်မဲပေးပိုင်ခွင့်ရှိသည်။ အကယ်၍ဆန္ဒမဲအရေအတွက်ချင်းတူညီမှုဖြစ်နေသည့်ကိစ္စရပ်တွင်အတည်ပြုဆုံးဖြတ်မှုပြုလုပ်နိုင်ရန်အတွက်အစည်းအဝေး၌ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သူမှနောက်ထပ်ဆန္ဒမဲတစ်မဲထပ်ပေးနိုင်သည်။

ပုဒ်မ ၁၄။ ။ကော်မတီအဖွဲ့သည်အောက်ဖော်ပြပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာရှိသည်။

(၁) ဤမိန့်တော်ဥပဒေပြဋ္ဌာန်းချက်များအရကူညီကယ်ဆယ်ရေးကဏ္ဍ၊လုံခြုံမှုစောင့်ရှောက်ရေးကဏ္ဍနှင့် ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းကဏ္ဍများနှင့်စပ်လျဉ်းသောမူဝါဒ၊စီမံကိန်း၊ခန့်မှန်းခြေငွေကြေးစာရင်းများနှင့်နည်းစနည်းသတ်မှတ်ချက်ဆိုင်ရာမူများကိုဝန်ကြီးထံသို့တင်သွင်းရမည်။

(၂) ဤအမိန့်တော်ဥပဒေပြဋ္ဌာန်းချက်ကိုလိုက်နာကျင့်သုံးနိုင်ရန်အတွက်ဝန်ကြီးဌာနနည်းဥပဒေနှင့်စည်းမျဉ်းများထုတ်ပြန်ကြေညာရေးနှင့်စပ်လျဉ်းသောမူများကိုဝန်ကြီးထံသို့အဆိုတင်သွင်းနိုင်သည်။

(၃) ငွေလက်ခံခြင်း၊ ငွေသုံးစွဲခြင်း၊ငွေထိန်းသိမ်းခြင်းနှင့်ရန်ပုံငွေတိုးပွားရေးဆောင်ရွက်ချက်ဆိုင်ရာစည်းမျဉ်းများကိုဘဏ္ဍာရေးဝန်ကြီးဌာန၏လက်ခံသဘောတူညီမှုဖြင့်သာရေးဆွဲရမည်။

(၄) ပုဒ်မ ၄၇ အရကလေးလုံခြုံရေးစောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ချက်လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသောစည်းမျဉ်းများချမှတ်ရမည်။

(၅) သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိများခန့်အပ်နိုင်ရန်အတွက်ရွေးချယ်သတ်မှတ်မှုစံနှုန်းများကိုသတ်မှတ်ပေးရမည်။

(၆) ပညာရေးကဏ္ဍ၊ကူညီကယ်ဆယ်ရေးကဏ္ဍ၊လုံခြုံရေးစောင့်ရှောက်မှုကဏ္ဍနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းကဏ္ဍများ၌တာဝန်ထမ်းဆောင်နေသောအစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောသက်ဆိုင်ရာအဖွဲ့အစည်းတို့ကိုအကြံဉာဏ်များပေးခြင်း၊ဆွေးနွေးခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ပေးခြင်းတို့ကိုပြုလုပ်ရမည်။ထို့အပြင်အစိုးရအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကအဖွဲ့အစည်းတို့မှကြည့်ရှုနေသောကလေးထိန်းကျောင်းများ၊ယာယီလက်ခံရေးဌာန၊ကူညီကယ်ဆယ်ရေးဌာန၊လုံခြုံမှုစောင့်ရှောက်ရေးဌာန၊ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်လည်နိုးကြားရေးဆိုင်ရာဌာန၊လေ့လာစစ်ဆေးရေးဌာနသို့မဟုတ် ကူညီကယ်ဆယ်ရေး၊လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းတို့နှင့်စပ်လျဉ်းသောနေရာများသို့ဝင်ရောက်စစ်ဆေးနိုင်သည့်အခွင့်အာဏာလည်းရှိသည်။

(၇) ဘန်ကောက်မြို့တော်ကလေးစောင့်ရှောက်ရေးကော်မတီနှင့်ခရိုင်ကလေးစောင့်ရှောက်ရေးကော်မတီတို့၏ဆောင်ရွက်ချက်များကိုစစ်ဆေးခြင်း၊အကဲဖြတ်ခြင်းနှင့်ဆက်လက်လေ့လာခြင်းများကိုဆောင်ရွက်ရမည်။ တစ်ဆက်တည်းဘန်ကောက်မြို့တော်နှင့်ခရိုင်အဆင့်ကူညီကယ်ဆယ်ရေး၊လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးရေးကဏ္ဍများနှင့်စပ်လျဉ်းသောပြဿနာများအားဖြေရှင်းရေးနှင့်ကာကွယ်ရေးများအတွက်လိုအပ်သောဖြည့်စွက်ချက်များနှင့်အကြံဉာဏ်များပေးခြင်းတို့ကိုပြုလုပ်ရမည်။

(၈) ကူညီကယ်ဆယ်ရေး၊ လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်စေရေးပံ့ပိုးမှု

စသည်တို့နှင့်စပ်လျဉ်းသောတခြားသောအကြောင်းအရပ်များကိုလည်းဆောင်ရွက်နိုင်သည်။

ပုဒ်မ ၁၅။ ။ကော်မတီအဖွဲ့သည်ဆပ်ကော်မတီ သို့မဟုတ် ကော်မတီအဖွဲ့မှပေးအပ်သည့်တာဝန်ကိုအကောင်ထည်ဖော်ဆောင်ရွက်နိုင်သောအလုပ်အမှုဆောင်ကော်မတီကိုဖွဲ့စည်းနိုင်သည့်အာဏာရှိသည်။

အလုပ်မှုဆောင်ကော်မတီ သို့မဟုတ် ဆပ်ကော်မတီမှအစည်းအဝေးပြုလုပ်ရာတွင်ပုဒ်မ ၁၃ ဥပဒေပြဋ္ဌာန်းအတိုင်းအစားထိုးလိုက်နာကျင့်သုံးနိုင်သည်။

ပုဒ်မ ၁၆။ ။ဘန်ကောက်မြို့တော်ကလေးစောင့်ရှောက်ရေးကော်မတီတွင်ဘန်ကော်မြို့တော်ဝန်သည်ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဘန်ကောက်မြို့တော်အတွင်းဝန်ကိုကော်မတီဒုဥက္ကဋ္ဌအဖြစ်လည်းကောင်းခန့်အပ် ရမည်။ ထို့အပြင်ပညာရေးဝန်ကြီးဌာနအတွင်းဝန်ရုံးကိုယ်စားလှယ်၊အမြင့်ဆုံးအစိုးရရှေ့နေရုံးကိုယ်စားလှယ်၊မြို့တော်ရဲတပ်ဖွဲ့ချုပ်ကိုယ်စားလှယ်၊လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်သာချောင်ချိရေးဦးစီးဌာနကိုယ်စားလှယ်၊ လူငယ်နှင့်မိသားစုဆိုင်ရာဗဟိုတရားရုံးကိုယ်စားလှယ်၊ ဘန်ကောက်မြို့တော်ကလေးနှင့်လူငယ်စောင့်ရှောက်ရေးနှင့်လေ့လာစစ်ဆေးရေးဌာနကိုယ်စားလှယ်၊ ကလေးသူငယ်၊အခြေအနေချို့တဲ့သူများ၊ဒုက္ခိတများနှင့်သက်ကြီးရွယ်အိုများအတွက်လုံခြုံမှုပံ့ပိုးရေးနှင့်ကြည့်ရှုစောင့်ရှောက်ရေးရုံးကိုယ်စားလှယ်၊ ရပ်ကွက်လူထုဖွံ့ဖြိုးတိုးတက်ရေးရုံးဦးစီးမှုး၊ ပညာရေးရုံးဦးစီးမှုး၊ ပြည်သူ့ကျန်းမာရေးရုံးဦးစီးမှုးနှင့်ဆေးဘက်ဆိုင်ရာဆရာဝန်များရုံးဦးစီးမှူးတို့ကိုကော်မတီဝင်များအဖြစ်ခန့်အပ်ရမည်။ လူမှုကယ်ဆယ်ရေးဆိုင်ရာကျွမ်းကျင်သူ၊ပညာရေးဆိုင်ရာသင်ကြားရေးကျွမ်းကျင်သူ၊စိတ်ပညာဆိုင်ရာကျွမ်းကျင်သူ၊ ဥပဒေဆိုင်ရာကျွမ်းကျင်သူ၊ဆေးပညာကုသရေးဆိုင်ရာကျွမ်းကျင်သူဆရာဝန်ဖော်ပြပါအသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုစီ၌တာဝန်ထမ်းဆောင်သောသူနှစ်ဦးစီအပြင်အစိုးရမဟုတ်သောအဖွဲ့အစည်းများမှလုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းတစ်မျိုးလျှင်အနည်းဆုံးကိုယ်စားလှယ်တစ်ဦးနှင့်တကွကလေးသက်သာချောင်ချိရေးကဏ္ဍဆိုင်ရာအတွေ့အကြုံရှိကျွမ်းကျင်သူတို့ဖြင့်ကော်မတီနာယကအဖွဲ့စည်းရမည်။လူမှုသက်သာချောင်ချိရေးရုံးဦးစီးမှုးအားကော်မတီဝင်အတွင်းရေးမှုးအဖြစ်ခန့်အပ်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါပထမအပိုဒ်အရကော်မတီနာယကအဖွဲ့တွင်အမျိုးသမီးဦးရေသည်သုံးပုံတစ်ပုံထက်မလျော့စေရ။

ဘန်ကောက်မြို့တော်ကလေးစောင့်ရှောက်ရေးကော်မတီအဖွဲ့တွင်လူမှုသက်သာချောင်ချိရေးရုံးမှနှစ်ဦးထက်မကျော်သောနိုင်ငံတော်အမှုထမ်းကိုအကူအတွင်းရေးမှုးအဖြစ်ခန့်အပ်နိုင်သည်။

ပုဒ်မ ၁၇။ ။ခရိုင်ကလေးစောင့်ရှောက်ရေးကော်မတီတွင်ခရိုင်မြို့ဝန်အားကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လက်ထောက်ခရိုင်မြို့ဝန်အားခရိုင်မြို့ဝန်၏ခန့်အပ်ချက်အရကော်မတီဒုဥက္ကဋ္ဌအဖြစ်လည်းကောင်းဆောင်ရွက်စေရမည်။ ထို့အပြင်ကော်မတီဝင်များတွင်ခရိုင်အစိုးရရှေ့နေ၊ခရိုင်းတိုးတက်ရေးဌာန၊ခရိုင်အလုပ်သမားရေးရာဌာန၊ ခရိုင်ပညာရေးဦးစီးဌာနဦးစီးမှုး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဌာနဦးစီးမှုး၊ခရိုင်ရဲတပ်ဖွဲ့ဦးစီးမှုးတို့အပြင်လူငယ်နှင့်မိသားစုဆိုင်ရာခရိုင်တရားရုံးကိုယ်စားလှယ် သို့မဟုတ် လူငယ်နှင့်မိသားစုဆိုင်ရာခရိုင်တရားရုံးမရှိသောခရိုင်မြို့များ၌ခရိုင်တရားရုံးကိုယ်စားလှယ်အားလည်းကောင်း၊ခရိုင်ကလေးနှင့်လူငယ်

စောင့်ရှောက်ရေးနှင့်လေ့လာစစ်ဆေးရေးဌာနကိုယ်စားလှယ် သို့မဟုတ် စစ်ဆေးလေ့လာရေးဌာန မရှိသောခရိုင်မြို့များတွင်တရားရေးဝန်ကြီးဌာနကိုယ်စားလှယ်အဖြစ်ခန့်အပ်ထားသောခရိုင်အမှုထမ်းတစ်ဦး ဦးကိုလည်ကောင်း၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်ဥက္ကဋ္ဌတို့သည်လည်ကောင်းပါဝင်ရမည်။ ထို့အပြင် လူမှုကယ်ဆယ်ရေးကျွမ်းကျင်သူ၊ ပညာရေးဆိုင်ရာသင်ကြားရေးကျွမ်းကျင်သူ၊ စိတ်ပညာဆိုင်ရာကျွမ်း ကျင်သူ၊ဥပဒေဆိုင်ရာကျွမ်းကျင်သူ၊ဆေးပညာကုသရေးဆိုင်ရာကျွမ်းကျင်သူဆရာဝန်ဖော်ပြပါအသက်မွေး ဝမ်းကျောင်းပညာရပ်တစ်ခုခုစီ၌တာဝန်ထမ်းဆောင်သောသူနှစ်ဦးစီနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းတစ်မျိုးလျှင်အနည်းဆုံးကိုယ်စားလှယ်တစ်ဦးစီအပြင်ကလေးသက်သာ ချောင်ချိရေးကဏ္ဍဆိုင်ရာအတွေ့အကြုံရှိကျွမ်းကျင်သူနှစ်ဦးတို့ဖြင့်ကော်မတီနာယကအဖွဲ့ကိုခရိုင်ဝန်မှရွေး ချယ်တင်မြောက်ဖွဲ့စည်းရမည်။ထို့အပြင်ခရိုင်လူအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူမှုသက်သာချောင်ချိ ရေးကိုကော်မတီဝင်အဖြစ်လည်ကောင်း၊အတွင်းရေးမှူးအဖြစ်ရွေးချယ်ခန့်အပ်ရမည်။

အထက်ဖော်ပြပါအပိုဒ် ၁ အရကော်မတီနာယကအဖွဲ့တွင်အမျိုးသမီးဦးရေသည်သုံးပုံတစ်ပုံထက် မလျော့စေရ။

ခရိုင်ကလေးစောင့်ရှောက်ရေးကော်မတီအဖွဲ့တွင်နှစ်ဦးအထက်မကျော်သောခရိုင်အမှုထမ်းကိုအကူအတွင်း ရေးမှူးအဖြစ်ခန့်အပ်နိုင်သည်။

ပုဒ်မ ၁၈။ ။ရာထူးအပ်နှင်းရေး၊ ရာထူးမှရုပ်သိမ်းရေး၊ ကော်မတီဝင်လစ်လပ်ရာထူးအစားထိုးခန့်အပ်ရေးအတွက် ပုဒ်မ ၉ ၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ ဥပဒေပြဋ္ဌာန်းချက်များအတိုင်းလိုက်နာကျင့်သုံးရမည့် အပြင်ကော်မတီနာယကအဖွဲ့၏လုပ်ဆောင်ချက်များကိုဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ အရလိုက်နာ ကျင့်သုံးနိုင်သည်။ ပုဒ်မ ၁၀(၃)နှင့် ပုဒ်မ ၁၁ အရအခြေအနေအကြောင်းအရာကိုလိုက်၍ဝန်ကြီး၏ အမိန့်အာဏာကိုဘန်ကောက်မြို့တော်ဝန် သို့မဟုတ် ခရိုင်ဦးစီးမှူး၏အမိန့်အာဏာဖြစ်စေနိုင်ပါသည်။

ပုဒ်မ ၁၉။ ။အစည်းအဝေးပြုလုပ်ခြင်း၊ဆပ်ကော်မတီဖွဲ့စည်းခြင်း သို့မဟုတ် ဘန်ကောက်မြို့တော်ကလေးစောင့် ရှောက်ရေးကော်မတီ၏အလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်းခြင်းနှင့်ခရိုင်ကလေးစောင့်ရှောက်ရေးကော်မတီ ဖွဲ့စည်းရာ၌ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၅ ပါဥပဒေပြဋ္ဌာန်းချက်များအတိုင်းအစားထိုးလိုက်နာကျင့် သုံးနိုင်သည်။

ပုဒ်မ ၂၀။ ။ဘန်ကောက်မြို့တော်ကလေးစောင့်ရှောက်ရေးကော်မတီနှင့်ခရိုင်ကလေးစောင့်ရှောက်ရေးကော်မတီတို့ သည်အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာတို့ရှိသည်။

(၁) ဤဥပဒေပြဋ္ဌာန်းချက်များအရကူညီကယ်ဆယ်ရေးကဏ္ဍ၊လုံခြုံမှုစောင့်ရှောက်ရေးကဏ္ဍနှင့်ကလေးများအ ကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းကဏ္ဍများနှင့်စပ်လျဉ်းသောမူဝါဒ၊စီမံကိန်း၊ခန့်မှန်းခြေငွေ ကြေးစာရင်းများနှင့်နည်းစနစ်သတ်မှတ်ချက်ဆိုင်ရာမှုများကိုကော်မတီသို့အဆိုတင်သွင်းရမည်။

(၂) ပညာရေးကဏ္ဍ၊ကယ်ဆယ်ရေးကဏ္ဍ၊လုံခြုံရေးစောင့်ရှောက်မှုကဏ္ဍနှင့်ကလေးများအကျင့်စာရိတ္တ ကောင်းမွန်ရန်ပံ့ပိုးပေးခြင်းကဏ္ဍများ၌တာဝန်ထမ်းဆောင်နေသောအစိုးရအဖွဲ့အစည်းများနှင့်ပုဂ္ဂလိက အဖွဲ့အစည်းတို့ကိုအကြံဉာဏ်များပေးခြင်း၊ဆွေးနွေးခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ပေးခြင်းတို့ ကိုပြုလုပ်ရမည်။ထို့အပြင်ဘန်ကောက်မြို့တော်နယ်နိမိတ်နှင့်ခရိုင်မြို့ဒေသများ၌ရှိသောအစိုးရအဖွဲ့အ

စည်းများနှင့်ပုဂ္ဂလိကအဖွဲ့အစည်းတို့ကိုကြည့်ရှုနေသောကလေးထိန်းကျောင်း၊ယာယီလက်ခံရေးဌာန၊ကူညီကယ်ဆယ်ရေးဌာန၊လုံခြုံမှုစောင့်ရှောက်ရေးဌာန၊ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်လည်နိုးကြားရေးဆိုင်ရာဌာန၊ လေ့လာစစ်ဆေးရေးဌာန သို့မဟုတ် ကူညီကယ်ဆယ်ရေးဌာန၊ လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းတို့နှင့်စပ်လျဉ်းသောနေရာဌာနများသို့လိုအပ်သကဲ့သို့ဝင်ရောက်စစ်ဆေးနိုင်သည့်အခွင့်အာဏာလည်းရှိသည်။

(၃) ဘန်ကောက်မြို့တော်နယ်နိမိတ်နှင့်ခရိုင်မြို့ဒေသအတွင်း၌ကူညီကယ်ဆယ်ရေးကဏ္ဍ၊ လုံခြုံမှုစောင့်ရှောက်ရေးကဏ္ဍနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းဆိုင်ရာကဏ္ဍတို့ကိုအကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်လမ်းစဉ်များကိုလိုအပ်သလိုချမှတ်ပေးရမည်။

(၄) ဘန်ကောက်မြို့တော်နယ်နိမိတ်နှင့်ခရိုင်ဒေသအတွင်းရှိကူညီကယ်ဆယ်ရေးကဏ္ဍ၊ လုံခြုံမှုစောင့်ရှောက်ရေးကဏ္ဍနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းကဏ္ဍများဆိုင်ရာရန်ပုံငွေစီမံရှာဖွေခြင်းများကိုအခါအားလျော်စွာပြုလုပ်ရမည်။ထို့အပြင်ရန်ပုံငွေစီမံရှာဖွေခြင်းနှင့်ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာဆောင်ရွက်ချက်များကိုကော်မတီနှင့်ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာကော်မတီသို့အစီရင်ခံတင်သွင်းရမည်။

(၅) ကလေးအပေါ်မတရားပြုမှုခြင်းများရှိပါကသက်ဆိုင်သောသူများကိုခေါ်ယူ၍ရှင်းလင်းစေခြင်း သို့မဟုတ် စစ်ဆေးမေမြန်းခြင်းတို့ပြုလုပ်ရမည်။

(၆) ဤဥပဒေပြဋ္ဌာန်းချက်အရတာဝန်ထမ်းဆောင်ရာ၌လေ့လာစစ်ဆေးမှုများပြုလုပ်ရန်အတွက်သက်ဆိုင်သောသူများထံမှရှင်းလင်းချက်တောင်းခြင်း၊ သက်သေအထောက်အထားတစ်စုံတစ်ရာ သို့မဟုတ် စာရွက်စာတမ်းများတောင်းခံခြင်းများပြုလုပ်နိုင်သည်။

(၇) ဘန်ကောက်မြို့တော်နယ်နိမိတ်နှင့်ခရိုင်ဒေသအတွင်းရှိကူညီကယ်ဆယ်ရေးကဏ္ဍ၊ လုံခြုံမှုစောင့်ရှောက်ရေးကဏ္ဍနှင့်ကလေးများအကျင့်စာရိတ္တကောင်းမွန်ရန်ပံ့ပိုးပေးခြင်းကဏ္ဍများနှင့်စပ်လျဉ်းသောဆောင်ရွက်ချက်များကိုအခါအားလျော်စွာစစ်ဆေးခြင်း၊အကဲဖြတ်ခြင်းနှင့်ဆက်လက်လေ့လာခြင်းများကိုဆောင်ရွက်ရမည်။ ထိုစီစဉ်ဆောင်ရွက်မှုများကိုကော်မတီသို့အစီရင်ခံတင်သွင်းရမည်။

(၈) ကော်မတီမှပေးအပ်သောတခြားသောလုပ်ဆောင်ချက်များကိုကိုလည်းဆောင်ရွက်ရမည်။

ပုဒ်မ ၂၁။ ။ဤဥပဒေပြဋ္ဌာန်းချက်အရတာဝန်ထမ်းဆောင်ရာ၌ကော်မတီဝင်နှင့်ဆပ်ကော်မတီဝင်တို့ကိုရာဇသတ်ဥပဒေပုဒ်မကျင့်ထုံးများအရာရှိဝန်ထမ်းဖြစ်စေရမည်။

## အခန်း (၂)

## ကလေးများအပေါ်ပြုမှုဆက်ဆံခြင်းဆိုင်ရာများ

ပုဒ်မ ၂၂။ ။ ကလေးအပေါ်ပြုမူဆက်ဆံဆောင်ရွက်ရာတွင်မည်သည့်အကြောင်းအရာဖြစ်စေကာမူကလေးအတွက် အကျိုးအရှိဆုံးဖြစ်စေမည့်အချက်ကိုအလေးထားဦးစားပေးထည့်သွင်းစဉ်းစားရမည်ဖြစ်သည့်အပြင်မတရားသဖြင့်ရွေးချယ်ပြုမူဆက်ဆံခြင်းများမရှိစေရ။

မည်သို့သောအပြုအမူသည်ကလေးများအတွက်အကျိုးရှိစေနိုင်သောပြုအမူဖြစ်သည် သို့မဟုတ် မည်သို့သောအပြုအမူသည်ကလေးများအပေါ်မတရားသဖြင့်ရွေးချယ်ဆက်ဆံပြုမူသောပြုအမူဖြစ်သည်တို့ကို ဝန်ကြီးအဖွဲ့မှချမှတ်ထားသောနည်းဥပဒေများအရသုံးသပ်နိုင်သည်။

ပုဒ်မ ၂၃။ ။အုပ်ထိန်းသူများသည်မိမိတို့၏ဒေသန္တရယဉ်ကျေးမှုများနှင့်ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများအရ မိမိတို့ကိုယ်တိုင်ကြည့်ရှုစောင့်နေသောကလေးအားသင့်တင့်လျောက်ပတ်သောကျွေးမွေးပြုစုစောင့်ရှောက်မှု၊သွန်သင်ဆုံးမမှုနှင့်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ချက်တို့ကိုပြုလုပ်ပေးရမည်။သို့ရာတွင် ထိုစောင့်ရှောက်မှုအခြေအနေသည်ဝန်ကြီးဌာနမှချမှတ်ထားသောအခြေခံစောင့်ရှောက်မှုအဆင့်ထက်နိမ့်ကျခြင်းမရှိစေရ။ ထို့အပြင်မိမိကြည့်ရှုစောင့်ရှောက်နေသောကလေး၏စိတ်သို့မဟုတ်ခန္ဓာကိုယ်ကို ဘေးအန္တရာယ်ကျရောက်နိုင်သောအခြေအနေသို့မရောက်စေရန်ကလေး၏လုံခြုံမှုကိုလည်းကာကွယ်ပေးရမည်။

ပုဒ်မ ၂၄။ ။ဝန်ကြီးဌာနအတွင်းဝန်၊ ခရိုင်ဦးစီးမှူး၊ နယ်ပိုင်ဦးစီးမှူး၊ မြို့နယ်ရုံးဦးစီးမှူး၊ မြို့နယ်ခွဲ၏အကြီးအကဲဖြစ်သောမြို့နယ်ရုံးအတွင်းဝန် သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေးအလုပ်မှုဆောင်ညွှန်ကြားရေးမှူးအစရှိသည်တို့သည်မိမိတို့တာဝန်ယူသည့်နယ်ပယ်ဒေသအတွင်းရှိသောအုပ်ထိန်းသူရှိသည့်ကလေးဖြစ်သည် ဖြစ်စေမရှိသည့်ကလေးဖြစ်စေအဆိုပါကလေးများ၏လုံခြုံမှုကိုစောင့်ရှောက်ပေးရန်တာဝန်ရှိသည်။ ထို့အပြင်တာဝန်ကျသောဒေသ၌ရှိသောကလေးပြုစုစောင့်ရှောက်ရေးဌာန၊ ယာယီလက်ခံရေးဌာန၊ ကူညီကယ်ဆယ်ရေးဌာန၊ လုံခြုံမှုစောင့်ရှောက်ရေးဌာန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဆိုင်ရာဌာနနှင့်လေ့လာစစ်ဆေးရေးဌာနများစသည့်ဖော်ပြပါနေရာများသို့ဝင်ရောက်စစ်ဆေးနိုင်သည့်တာဝန်နှင့်အခွင့်အာဏာလည်းရှိသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်စစ်ဆေးချက်များကိုအမျိုးသားကော်မတီ၊ ဘန်ကောက်မြို့တော်ကလေးစောင့်ရှောက်ရေးကော်မတီ သို့မဟုတ် ခရိုင်ကလေးစောင့်ရှောက်ရေးကော်မတီတို့ကိုအခြေအနေအပေါ်မူတည်၍လိုအပ်သလို့အစီရင်ခံတင်သွင်းရမည်။ ထိုသို့ပြုလုပ်ခြင်းမှာအသိပေးအကြောင်းကြားရန်နှင့်ဤဥပဒေပြဋ္ဌာန်းချက်၌ဖော်ပြထားသည့် အရာရှိဝန်ထမ်းကဲ့သို့တာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာရှိစေရန်ဖြစ်သည်။

ပုဒ်မ ၂၅။ ။အုပ်ထိန်းသူသည်အောက်ဖော်ပြပါအချက်များကိုမပြုလုပ်ရ။

(၁) အုပ်ထိန်းသူသည်ကလေးအားကလေးထိန်းကျောင်း သို့မဟုတ် ဆေးရုံဆေးခန်း သို့မဟုတ် အငှားကလေးထိန်းသူများထံ သို့မဟုတ် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ သို့မဟုတ် နေရာတစ်ခုခုတွင်ပြန်မခေါ်ယူလိုသောရည်ရွယ်ချက်ဖြင့်ပစ်ထားခြင်း။

(၂) ကလေးအားသင့်တင့်လျောက်ပတ်သောကျွေးမွေးစောင့်ရှောက်မှုမပြုဘဲတစ်နေနေရာတွင်ပစ်ထားခြင်း သို့မဟုတ် ကလေးအားလုံခြုံရေးကာကွယ်မှုများမှမစီစဉ်ပေးဘဲတစ်နေနေရာတွင်ပစ်ထားခြင်း။

(၃) တမင်ကြံရွယ်၍ဖြစ်စေ သို့မဟုတ် လစ်လျူရှု၍ဖြစ်စေကလေး၏အသက်ရှင်နေထိုင်ရေးအတွက်မရှိမဖြစ်လိုအပ်သည့်အရာများ သို့မဟုတ် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကိုကလေး၏ကိုယ်နှင့်စိတ်ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်အထိမပေးဘဲနေခြင်း။

(၄) ကလေးအပေါ်ပြုမူဆက်ဆံခြင်းများသည်ကလေး၏ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ကြီးထွားမှုအားအဟန့်အတားဖြစ်သောပုံစံကဲသို့ဖြစ်ခြင်း။

(၅) ကလေးအားတရားသဖြင့်ကျွေးမွေးစောင့်ရှောက်မှုမပြုခြင်း။

ပုဒ်မ ၂၆။ ။တခြားသောဥပဒေပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ကလေးမှသဘောတူကျေနပ်လက်ခံခြင်းရှိသည်ဖြစ်စေသဘောတူကျေနပ်လက်ခံခြင်းမရှိသည်ဖြစ်စေအောက်ဖော်ပြပါအပြုအမူများကိုမည်သူမျှမပြုလုပ်ရ။

(၁) တမင်ကြံရွယ်၍ဖြစ်စေ သို့မဟုတ် လစ်လျူရှု၍ဖြစ်စေကလေး၏စိတ်နှင့်ကိုယ်အားညှင်းပန်းနှိပ်စက်ရာရောက်သောအပြုအမူများ။

(၂) တမင်ကြံရွယ်၍ဖြစ်စေ သို့မဟုတ် လစ်လျူရှု၍ဖြစ်စေအသက်ရှင်နေထိုင်ရေးအတွက်မရှိမဖြစ်လိုအပ်သည့်အရာများ သို့မဟုတ် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကိုကလေး၏ကိုယ်နှင့်စိတ်ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်အထိမပေးဘဲနေခြင်း။

(၃) ကလေးအားအတင်းအကျပ်ပြု၍သော်လည်းကောင်း၊ခြိမ်းခြောက်၍သော်လည်းကောင်း၊ဖြားယောင်းသွေးဆောင်၍သော်လည်းကောင်း၊ အားပေးအားမြှောက်ပြု၍သော်လည်းကောင်း သို့မဟုတ် လက်ခံခွင့်ပြု၍သော်လည်းကောင်းမလျော်ကန်သောအပြုအမူကိုပြုမူစေခြင်း သို့မဟုတ် ကလေးအားဥပဒေဘောင်ကျူးလွန်စေနိုင်သည့်အပြုအမူများကိုပြုမူစေခြင်း။

(၄) နိုင်ငံတော်အစိုးရအာဏာပိုင်ထံမှခွင့်ပြုချက်ရယူပြီးမှသော်လည်းကောင်း သို့မဟုတ် အစိုးရအာဏာပိုင်များ၏လုပ်ပိုင်ခွင့်မှလွဲ၍ကလေး၏ဆွေမျိုးသားချင်းမဟုတ်သောတခြားသောသူများထံကလေးအားပေးရန် သို့မဟုတ် ကလေးအားလက်ခံယူရန်သတင်းမီဒီယာများတွင်ကြော်ငြာခြင်း သို့မဟုတ် တနည်းနည်းဖြင့်သတင်းဖြန့်ခြင်းများ။

(၅) အတင်းအကျပ်ပြု၍သော်လည်းကောင်း၊ခြိမ်းခြောက်၍သော်လည်းကောင်း၊ဖြားယောင်းသွေးဆောင်၍သော်လည်းကောင်း၊အားပေးအားမြှောက်ပြု၍သော်လည်းကောင်း၊လက်ခံခွင့်ပြု၍သော်လည်းကောင်းတစ်စုံတစ်ခုပြုမူကာကလေးအားသူတောင်းစားလုပ်စေခြင်း၊ လေလွင့်ကလေးဖြစ်စေခြင်း သို့မဟုတ် အကျိုးစီးပွါးရှာရန်အတွက်တစ်စုံတစ်ရာပြုမူခြင်း၌ဖြစ်စေ သို့မဟုတ် တောင်းရမ်းစားသောက်ခြင်း၌ဖြစ်စေ သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်း၌ဖြစ်စေကလေးအားအမှီပြုအသုံးချခြင်းများ။

(၆) ကလေး၏ကိုယ်နှင့်စိတ်ကိုဆိုးကျိုးအန္တရာယ်ဖြစ်စေနိုင်ပြီးကလေး၏ကာယ၊ဉာဏကြီးထွားဖွံ့ဖြိုးမှု သို့မဟုတ် တိုးတက်မှုအားအဟန့်အတားဖြစ်စေနိုင်သည့်အပြုအမူပြုခြင်း သို့မဟုတ် အလုပ်ကို

လုပ်ရန်ခိုင်းခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အစားထိုးပြုလုပ်စေခြင်း။

(၇) အတင်းအကျပ်ပြု၍သော်လည်ကောင်း၊ခြိမ်းခြောက်၍သော်လည်ကောင်း၊ခိုင်းစေခြင်းဖြင့်သော်လည် ကောင်း၊ဖြားယောင်းသွေးဆောင်၍သော်လည်ကောင်း၊အားပေးအားမြှောက်ပြု၍သော်လည်ကောင်း၊ လက်ခံခွင့်ပြု၍သော်လည်ကောင်းကလေးအားညှင်းပန်းနှိပ်စက်သည့်အနေအထားရှိသော သို့မဟုတ် ကလေး၏ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ကြီးထွားမှုကိုအဟန့်အတားဖြစ်စေသည့်အနေအထားရှိသော အားကစားယှဉ်ပြိုင်မှုများ သို့မဟုတ် ထိုသို့ဖြစ်စေနိုင်သည့်တစ်စုံတစ်ရာကိုဖြစ်စေရောင်းဝယ်ရေး အကျိုးစီးပွါးရှာရန်အတွက်ကလေးအားပြုလုပ်စေခိုင်းခြင်း။

(၈) ကလေးအားမည်သည့်လောင်းကစားမျိုးပင်ဖြစ်စေပြုလုပ်ခိုင်းခြင်း သို့မဟုတ် ကစားရန်ခွင့်ပြုခြင်း၊ လောင်းကစားပြုလုပ်သည့်နေရာ၊ လိင်အရောင်းအဝယ်ပြုလုပ်သည့်နေရာ သို့မဟုတ် ကလေး မဝင်ရဟုသတ်မှတ်ထားသည့်နေရာများသို့သွားရန်စေခိုင်းခြင်း သို့မဟုတ် သွားရန်ခွင့်ပြုခြင်း။

(၉) အတင်းအကျပ်ပြု၍သော်လည်ကောင်း၊ခြိမ်းခြောက်၍သော်လည်ကောင်း၊ ခိုင်းစေခြင်းဖြင့်သော်လည် ကောင်း၊ ဖြာယောင်းသွေးဆောင်၍သော်လည်ကောင်း၊ အားပေးအားမြှောက်ပြု၍သော်လည်ကောင်း သို့မဟုတ် လက်ခံခွင့်ပြုခြင်းဖြင့်သော်လည်ကောင်းလိင်ပိုင်းဆိုင်ရာကျူးလွန်သည့်အနေအထားရှိသော ဖျော်ဖြေမှုကိုသရုပ်ဆောင်စေခြင်း သို့မဟုတ် ပြုလုပ်စေခြင်း။ထိုပြုလုပ်မှုသည်လုပ်အားခရသည်ဖြစ်စေ သို့မဟုတ် တစ်စုံတစ်ခုကြောင့်ဖြစ်စေကလေးအပေါ်ပြုမူခြင်း။

(၁၀) ဆေးဘက်ဆိုင်ရာဆရာဝန်၏ညွှန်ကြားချက်မှလွဲ၍ကလေးအားအရက်သို့မဟုတ် ဆေးလိပ်များကို ရောင်းချပေးခြင်း၊ လဲလှယ်ယူခြင်း သို့မဟုတ် ပေးခြင်းများမပြုလုပ်ရ။

အကယ်၍ဖော်ပြပါပထမအပိုဒ်အရပြစ်မှုကျူးလွန်မိပါကအပြစ်ဒဏ်ချမှတ်ရန်တခြားကြီးလေးသော ဥပဒေပုဒ်မရှိပါကယင်းပုဒ်မအတိုင်းတရားစီရင်ရမည်။

ပုဒ်မ ၂၇။ ။တစ်စုံတစ်ဦးသည် ကလေး သို့မဟုတ် ကလေးအုပ်ထိန်းသူတို့ကိုအရှက်ရစေရန်အတွက်လည်ကောင်း၊ နာမည်ပျက်စေရန်အတွက်လည်ကောင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်အတွက်လည်ကောင်း သို့မဟုတ် ကလေး၏ရပိုင်ခွင့်အကျိုးဆုံးရှုံးစေရန်အတွက်လည်ကောင်း သို့မဟုတ် မသမာသောနည်းဖြင့်မိမိအတွက် သော်လည်ကောင်း သို့မဟုတ် တခြားသူအတွက်သော်လည်ကောင်းအကျိုးစီးပွါးရှာရန်အတွက်လည်း ကောင်းတမင်ရည်ရွယ်ကြံစည်၍အဆိုပါကလေး သို့မဟုတ် ကလေးအုပ်ထိန်းသူ၏သတင်းအချက် အလက်များကိုသတင်းဌာနများ၌ သို့မဟုတ် သတင်းဖြန့်ဖြူးသည့်နည်းလမ်းတစ်ခုခုဖြင့်သတင်းဖြန့်ခြင်း သို့မဟုတ် ကြော်ငြာခြင်းများလုံးဝမပြုလုပ်ရ။

ပုဒ်မ ၂၈။ ။အုပ်ထိန်းသူမှကလေးအားမည်သည့်အကြောင်းကြောင့်ဖြစ်စေကျွေးမွေးစောင့်ရှောက်မှု၊ သွန်သင်ဆုံးမမှုနှင့်ကလေးဖွံ့ဖြိုးရန်အတွက်လုပ်ဆောင်မှုများပေးနိုင်သည့်အနေအထားတွင်မရှိသည့်အခါတွင်လည် ကောင်း သို့မဟုတ် အုပ်ထိန်းသူ၏လုပ်ရပ်သည်ကလေး၏လုံခြုံမှုအတွက်အန္တရာယ်ဖြစ်နိုင်ခြင်း သို့မဟုတ်

ကလေး၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ကြီးထွားမှုကိုအနှောင့်အယှက်အဟန့်အတားဖြစ်နိုင်ခြင်း သို့မဟုတ် တရားသဖြင့်ကျွေးမွေးစောင့်ရှောက်မှုမရှိခြင်းတို့ဖြစ်သည့်အခါ သို့မဟုတ် ကလေးအားလုံခြုံရေးကာကွယ်မှု ပေးရန်နှင့်ကူညီကယ်ဆယ်ခြင်းများပြုလုပ်ပေးရန်အတွက်မဖြစ်မနေလိုအပ်ချက်ရှိသည့်အခါတွင်လည် ကောင်း သို့မဟုတ် ကလေးအားမတရားသဖြင့်ခွဲခြားဆက်ဆံခြင်းမှကာကွယ်နိုင်ရန် သို့မဟုတ် ကလေးအပေါ်အန္တရာယ်တစ်စုံတစ်ရာကျရောက်ခြင်းမှကာကွယ်နိုင်ရန်အတွက်သက်ဆိုင်ရာအစိုးရ တာဝန်ရှိပုဂ္ဂိုလ်များသည်ဤဥပဒေပြဋ္ဌာန်းချက်များအတိုင်းကလေးအတွက်ကယ်ဆယ်ရေးနှင့်လုံခြုံမှုစောင့် ရှောက်ရေးများကိုဆောင်ရွက်ပေးရမည်။

ပုဒ်မ ၂၉။ ။တစ်စုံတစ်ဦးသည်ကလေးအားကယ်ဆယ်ရေး သို့မဟုတ် လုံခြုံမှုစောင့်ရှောက်ရေးမဖြစ်မနေပေးရမည့် အနေအထားကျရောက်နေသည်ကိုတွေ့မြင်ရပါကအပိုဒ် ၃ နှင့် အပိုဒ် ၄ အရအခြေခံစောင့်ရှောက် မှုပေးပြီးသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အုပ်ချုပ်ရေးဝန်ထမ်းများ သို့မဟုတ် ပြည်သူ့ရဲ သို့မဟုတ် ပုဒ်မ ၂၄ အရကလေး၏လုံခြုံမှုစောင့်ရှောက်ရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံသို့ မဆိုင်းမတွဆက်သွယ်ရမည်။

ကလေးအားဆေးဝါးကုသရန်ထိန်းသိမ်းစောင့်ရှောက်ထားသောဆရာဝန်၊ သူနာပြု၊ စိတ်ကျန်းမာရေး ပညာရှင်၊ လူမှုကယ်ဆယ်ရေးဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအပြင် ကလေးအားမိမိတို့၏တပည့် သို့မဟုတ် အလုပ်သမားအဖြစ်ကြည့်ရှုစောင့်ရှောက်ရန်တာဝန် ရှိသောကျောင်းဆရာဆရာမများ၊ ဆရာကြီး သို့မဟုတ် အလုပ်ရှင်တို့သည်ကလေးသည်ညှင်းပန်း နှိပ်စက်ခံနေရသည်ဟုလည်ကောင်း သို့မဟုတ် တရားသဖြင့်ကျွေးမွေးစောင့်ရှောက်မှုမပြုခြင်းကြောင့် နာမကျန်းဖြစ်ခြင်းများဖြစ်သည်ဟုလည်ကောင်းသံသယဖြစ်ခြင်းသို့မဟုတ် သိသာထင်ရှားခြင်းဖြစ်ပါ က ပုဒ်မ ၂၄ အရကလေးလုံခြုံမှုစောင့်ရှောက်ရေးတာဝန်ရှိသောသူများထံ သို့မဟုတ် ကလေး၏ လုံခြုံမှုစောင့်ရှောက်ရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံ သို့မဟုတ် အုပ်ချုပ်ရေးဝန်ထမ်းများထံ သို့မဟုတ် ပြည်သူ့ရဲထံသို့မဆိုင်းမတွဆက်သွယ်အကြောင်းကြားရမည်။

ဤပုဒ်မအတိုင်းတိုင်ကြားခြင်း သို့မဟုတ် တင်ပြခြင်းများကိုကိုယ်ကျိုးမဖက်ရိုးဖြောင့်စွာပြုလုပ်ပါက တရားမမှုဆိုင်ရာ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာပြစ်မှု သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာပြစ်မှုများမှ အရေးယူခြင်းကင်းလွတ်သည့်အပြင်စောင့်ရှောက်ကာကွယ်ပေးခြင်းကိုလည်းခံရမည်ဖြစ်သည်။

ပုဒ်မ ၃၀။ ။ဤမိန့်တော်ဥပဒေပြဋ္ဌာန်းချက်များအရလိုက်နာကျင့်သုံးရာတွင်ထိရောက်မှုရှိစေရန် အပိုဒ် ၃ နှင့် အပိုဒ် ၄ အရခန့်အပ်ထားသောသက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိတို့သည်အောက်ဖော်ပြပါတာဝန်နှင့် ပြုလုပ်ပိုင်ခွင့်အာဏာရှိသည်။

(၁) ကလေးအားတရားသဖြင့်ကျွေးမွေးစောက်ရှောက်ခြင်းမရှိဟုလည်ကောင်း သို့မဟုတ် ကလေးအား ချုပ်နှောင်ထားသည်ဟုလည်ကောင်း သို့မဟုတ် ကလေးအားညှင်းပန်းနှိပ်စက်သည်ဟုလည်ကောင်း သံသယဖြစ်လောက်သောအခြေအနေများရှိပါကအဆိုပါသံသယဖြစ်သည့်နေရာ ၊အိမ်အဆောက်အအုံ သို့မဟုတ် သယ်ယူပို့ဆောင် ရေးယာဉ်တစ်ခုခုသို့နေထွက်ချိန်မှနေဝင်ချိန်အထိဝင်ရောက်စစ်ဆေး ရှာဖွေနိုင်သည်။ သို့သော်ချက်ချင်းအကောင်ထည်ဖော်မဆောင်ရွက်ပါကကလေး၏ကိုယ်နှင့်စိတ်

အားဘေးအန္တရာယ်ကျရောက်နိုင်သောအခြေအနေ သို့မဟုတ် လိုက်လံအကူညီပေးရန်ခက်ခဲသော နေရာဌာနသို့ပို့ဆောင်ခံရနိုင်သည့်အခြေအနေမျိုးသို့ရောက်ရှိသွားနိုင်သည့်ဟုယုံကြည်နိုင်လောက် သည့်ခိုင်လုံသောအကြောင်းအရင်းရှိပါကနေဝင်သွားပြီးဖြစ်သော်လည်းအဆိုပါသံသယရှိသောနေရာ များသို့ဝင်ရောက်စစ်ဆေးနိုင်သည့်အာဏာရှိသည်။

(၂) ကလေးသည်ကူညီကယ်ဆယ်မှု သို့မဟုတ် လုံခြုံမှုစောင့်ရှောက်ရေးအမှန်တကယ်လိုအပ်သည့် အခြေအနေတွင်ရှိသည်ဟုယူဆနိုင်သောခိုင်လုံသည့်အကြောင်းအရင်းရှိပါကကလေးအားမေးမြန်းခြင်း ပြုလုပ်နိုင်သည်။ကလေး၏လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကူညီကယ်ဆယ်ရေးဆိုင်ရာထိရောက်မှုရှိရန် မဖြစ်မနေလိုအပ်သောအခြေအနေများတွင်ကလေးနှင့်ကလေး၏မိသားစုဆိုင်ရာအချက်အလက်များ အပြင်ကလေးမှီခိုနေထိုင်သောသူ၏အချက်အလက်များကိုမေးမြန်းနိုင်ရန်သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်သည်ကလေးအားမိမိအလုပ်နေရာဌာနသို့မဆိုင်းမတွခေါ်သွားနိုင်သည်။သို့ရာတွင်မည်သည့် အကြောင်းပင်ဖြစ်စေကာမူကလေးအား(၁၂)နာရီအထက်ထိန်းချုပ်ထားခြင်းမရှိစေရ။အကယ်၍ဖော်ပြပါ အချိန်နာရီထက်ကျော်လွန်သွားပါကအချက် (၆)အတိုင်းလိုက်နာဆောင်ရွက်ရမည်။ကလေးအားကြည့် ရှုနေဆဲကာလအတွင်းပြုစုစောင့်ရှောက်မှုပေးရမည့်အပြင်အကယ်၍ကျန်းမာရေးမကောင်းဖြစ်ပါက လည်းဆေးဝါးကုသမှုပြုလုပ်ပေးရမည်ဖြစ်သည်။

(၃) အုပ်ထိန်းသူ သို့မဟုတ် တခြားသူတို့ကိုကလေး၏နေထိုင်ရမှုအခြေအနေ၊ ကလေး၏ အကျင့်စာရိတ္တ၊ ကျန်းမာရေးနှင့်ကလေး၏မိသားစုအတွင်းဆက်ဆံရေးဆိုင်ရာကြောင်းအရာအချက် အလက်များကိုတောင်းရန်လည်းကောင်း သို့မဟုတ် ဖြေဆိုချက်ပေးရန်အတွက်လည်းကောင်း ဆင့်ခေါ်စာရှိရမည်။

(၄) ကလေးအုပ်ထိန်းသူ၊ အလုပ်ရှင်သို့မဟုတ်သူဌေး၊ ကလေးအလုပ်လုပ်နေသည့်နေရာ သို့မဟုတ် အလုပ်လုပ်ဖူးသည့်နေရာကိုပိုင်ဆိုင်သူ သို့မဟုတ် ပိုင်ရှင်၊ ကလေးမှီခိုနေထိုင်သည့်နေရာ သို့မဟုတ် မှီခိုနေထိုင်ဖူးသည့်နေရာကိုပိုင်ဆိုင်သူ သို့မဟုတ် ပိုင်ရှင်၊ ကလေးပညာသင် ယူနေသော သို့မဟုတ် ပညာသင်ယူဖူးခဲ့သောပညာသင်ကြားရေးဌာနတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အုပ်ချုပ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လုံခြုံမှုစောင်ရှောက်ရေးဆိုင်ရာကြီးကြပ်သူတို့မှကလေး ၏နေထိုင်ရမှုအခြေအနေ၊ပညာရေး၊ အလုပ်လုပ်ကိုင်မှု သို့မဟုတ် ကလေး၏အကျင့်စာရိတ္တ စသည့်တို့နှင့်ဆိုင်သောသက်သေအထောက်အထား သို့မဟုတ် စာရွက်စာတမ်းများကိုပို့ဆောင် ပေးလာစေရန်အဆိုပါသူတို့ထံမိန့်စာပို့ရမည်ဖြစ်သည်။

(၅) ကလေး၏နေထိုင်ရမှုအခြေအနေ၊ ကလေး၏မိသားစုအတွင်းဆက်ဆံရေး၊ ကျွေးမွေးပြုစုစောင့် ရှောက်မှုအခြေအနေ၊ ကလေး၏အမူအကျင့်စရိုက် သို့မဟုတ် အကျင့်စာရိတ္တတို့နှင့်ဆိုင်သောသက် သေအထောက်အထား သို့မဟုတ် စာရွက်စာတမ်းများကိုစုစည်းရန်အတွက်အုပ်ထိန်းသူတို့နေထိုင်ရာ အဆောက်အအုံ၊ ကလေး၏အလုပ်ရှင်၏အလုပ်ခွင်နေရာ၊ ကလေးပညာသင်ယူနေသောနေရာဌာန သို့မဟုတ် ကလေးနှင့်သက်ဆိုင်သောနေရာဌာနများသို့ နေထွက်သည့်အချိန်မှစ၍နေဝင်ချိန်အထိ ကြားကာလအတွင်းသွားရောက်နိုင်သည်။

(၆)အုပ်ထိန်းသူလက်ထံသို့ကလေးအားပြန်လည်ပေးအပ်ရာ၌ကလေးမှသင့်လျော်သောဖွံ့ဖြိုးကြီး ထွားမှုရရှိရန်အတွက်အုပ်ထိန်းသူတို့မှနည်းလမ်းတကျကျွေးမွေးပြုစုမှုနှင့်စောင့်ရှောက်မှုပေးနိုင်ရန် အကြံပေးခြင်း သို့မဟုတ် သတိပေးချက်နှင့်အတူပြန်လည်ပေးအပ်ရမည်။

(၇)ကလေးအားယာယီစောင့်ရှောက်ရေးဌာန သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ပို့ဆောင်ရာ တွင်ကလေး၏ကိုယ်ရေးမှတ်တမ်းများကိုတောင်းခံလာပါကယာယီစောင့်ရှောက်ရေးဌာနသို့အဆိုပါမှတ် တမ်းအားပေးနိုင်ရန်အတွက်ပြုလုပ်ထားရမည်။

လူမှုဝန်ထမ်းအရာရှိမှကြည့်ရှုစောင့်ရှောက်ထားသောကလေးသည်သင့်တင့်လျောက်ပတ်သောကျွေးမွေး ပြုစုစောင့်ရှောက်မှုနှင့်ပညာရေးကိုရရှိရမည်ဖြစ်သည်။ထို့အပြင်ကလေးအားကလေးထိန်းကျောင်း၊ယာယီ စောင့်ရှောက်ရေးဌာန၊ကူညီကယ်ဆယ်ရေးဌာန၊လုံခြုံမှုစောင့်ရှောက်ရေးဌာနနှင့်ပြန်လည်နိုးကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့မပို့ဆောင်မီလူမှုကယ်ဆယ်ရေးဆိုင်ရာကျွမ်းကျင်သူနှင့်ဆေးပညာ ကုသပိုင်းဆိုင်ရာကျွမ်းကျင်သူများနှင့်တတ်နိုင်သမျှဆွေးနွေးတိုင်ပင်ရန်လိုအပ်သည်။

လူမှုဝန်ထမ်းအရာရှိမှအချက် (၁) (၂) နှင့် (၅) အရတာဝန်ထမ်းဆောင်ရာတွင်မိမိ၏ဝန်ထမ်း ကဒ်ပြားကိုအရင်ပြရမည်ဖြစ်ပြီးသက်ဆိုင်သောသူများမှလည်းအဆင်ပြေမှုရှိရန်လိုက်လံဆောင် ရွက်မှုပေးရမည်ဖြစ်သည်။

လူမှုဝန်ထမ်းအရာရှိ၏ဝန်ထမ်းကဒ်ပြားသည်နိုင်ငံတော်ဥပဒေများကြေငြာပြဌာန်းခြင်းစာစောင်တွင် ထည့်သွင်းကြေငြာထားသည့်ဝန်ကြီးအဖွဲ့၏သတ်မှတ်ထားသည့်ပုံစံအတိုင်းဖြစ်ရမည်။

ပုဒ်မ ၃၁။ ။ဤဥပဒေပြဌာန်းချက်အတိုင်းလိုက်နာဆောင်ရွက်ရာ၌ရာဇသတ်ကြီးဥပဒေပုဒ်မကျင့်ထုံးများအရတာ ဝန်ရှိပုဂ္ဂိုလ်များဖြစ်စေရမည်။

## အခန်း(၃)

## ကလေးသူငယ်အားကူညီကယ်ဆယ်ပေးခြင်း

---

ပုဒ်မ ၃၂။ ။အောက်ပါကလေးများမှာကာကွယ်စောင့်ရှောက်မှုရသင့်သောကလေးများဖြစ်သည်။

(၁) လေလွင့်ကလေး သို့မဟုတ် မိဘမရှိသောကလေး။

(၂) စွန့်ပစ်ခံရသောကလေး သို့မဟုတ် တစ်နေနေရာတွင်လမ်းလွဲကျန်ခဲ့သောကလေး။

(၃) အုပ်ထိန်းသူမှအကြောင်းအရင်းတစ်ခုခုကြောင့်ကလေးအားမကြည့်ရှုမစောင့်ရှောက်နိုင်တော့သောကလေး။ဥပမာ–အုပ်ထိန်းသူသည်ထောင်ကျနေခြင်း သို့မဟုတ် အဖမ်းဆီးခံနေရခြင်း၊ ဒုက္ခိတဖြစ်နေခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါမသန်စွမ်းခြင်း၊ နာတာရှည်ရောဂါဝေဒနာခံစားနေရခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ လူငယ်ဖြစ်နေခြင်း၊ အိမ်ထောင်ရေးပြိုကွဲခြင်း၊ အိမ်ထောင်ဖက်မှစွန့်ပစ်ခြင်း၊ စိတ်ရောဂါသည် သို့မဟုတ် ဦးနှောက်ချို့ယွင်းနေခြင်း။

(၄) ကလေးအုပ်ထိန်းသူ၏အကျင့်စာရိတ္တပိုင်းဆိုင်ရာ သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုတို့သည်မလျော်ကန်မသမာသောအနေထားရှိပြီးယင်းအနေအထားသည်ကလေး၏ကိုယ်နှင့်စိတ်ဖွံ့ဖြိုးတိုးတက်မှုအပေါ်အဟန့်အတားအနှောက်ယှက်ဖြစ်နိုင်သည့်ကလေး။

(၅) မတရားသဖြင့်ကျွေးမွေးပြုစုခံရသည့်ကလေး၊ မသမာသောအကျိုးစီးပွါးရှာရာတွင်ခုတုံးအဖြစ်အသုံးချခံရသောကလေး၊ ညှင်းပန်းနှိပ်စက်ခံရသောကလေး သို့မဟုတ် ကလေး၏ကိုယ်ကျင့်သီလတရားအားပျက်ပြားစေနိုင်သော သို့မဟုတ် ကလေး၏ကိုယ်နှင့်စိတ်ကိုအန္တရာယ်တစ်စုံတစ်ရာကျရောက်နိုင်သောအနေအထားတွင်ကျရောက်နေသောကလေး။

(၆) ဒုက္ခိတဖြစ်နေသောကလေး။
(၇) ဆင်းရဲအတိဒုက္ခရောက်သောကလေး။
(၈) ဝန်ကြီးအဖွဲ့ဥပဒေသတ်မှတ်ချက်များအရကူညီစောင့်ရှောက်မှုရသင့်သောအနေအထားရှိသည့်ကလေး။

ပုဒ်မ ၃၃။ ။လူမှုဝန်းထမ်းအရာရှိ သို့မဟုတ် ပုဒ်မ၂၄ အရကလေးလုံခြုံရေးစောင့်ရှောက်ရန်တာဝန်ရှိသောသူတို့မှ ပုဒ်မ ၃၂ အရကူညီစောင့်ရှောက်မှုပေးသင့်သောကလေးအားတွေ့ရှိခြင်းနှင့် ပုဒ်မ ၂၆ အရတွေ့ရှိသောသူများမှအကြောင်းကြားခြင်းများရှိလာပါအောက်ဖော်ပြပါသင့်လျော်သောကူညီစောင့်ရှောက်မှုပေးနိုင်သည်။

(၁)ကလေးအား ပုဒ်မ ၃၂ အရကျွေးမွေးပြုစုစောင့်ရှောက်နိုင်စေရန်ကလေးနှင့်ကလေး၏မိသားစု သို့မဟုတ် ကလေးအားကျွေးမွေးပြုစုစောင့်ရှောက်သူများအားကူညီမှုနှင့်ပံ့ပိုးမှုပေးရမည်။

(၂)အချက်(၁)အရဆောင်ရွက်၍မရနိုင်သည့်အခြေအနေတွင်ကလေးအားသင့်လျော်သောသူများထံ သို့မဟုတ် ကျွေးမွေးပြုစုစောင့်ရှောက်လိုသောသူတို့ထံ၌ပြုစုစောင့်ရှောက်မှုရရန်သင့်တင့်သောအချိန်ကာလတစ်ခုအထိအပ်နှံထားနိုင်သည်။သို့ရာတွင်ထိုအပ်နှံထားမှုသည် (၁)လအထက်မကျော်လွန်စေရ။

(၃)ကလေးအားတခြားသူများမှသားသမီးအဖြစ်မွေးစားခြင်းပြုရာတွင်သားသမီးအဖြစ်မွေးစားခြင်းဥပဒေနှင့်အညီမွေးစားသောသားသမီးဖြစ်လာစေရန်လည်းလိုက်လံဆောင်ရွက်ပေးရမည်။

(၄)ကလေးနှင့်သင့်လျော်၍ကလေးအားကျွေးမွေးပြုစုရန်လိုလားသောမွေးစားမိသားစု သို့မဟုတ် ကလေးထိန်းကျောင်းများသို့ကလေးအားကျွေးမွေးပြုစုစောင့်ရှောက်မှုရစေရန်ပို့ဆောင်ရမည်။

(၅) ပြုစုစောင့်ရှောက်မှုရရှိစေရန်ကလေးအားယာယီစောင့်ရှောက်ရေးဌာနများသို့ပို့ဆောင်ပေးရမည်။

(၆)ပြုစုစောင့်ရှောက်မှုရရှိစေရန်ကလေးအားကူညီကယ်ဆယ်ပံ့ပိုးရေးဌာနများသို့ပို့ဆောင်ပေးရမည်။

(၇)ကလေးအားအခြေခံပညာသင်ကြားစေရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ယူစေရန် သို့မဟုတ် ကလေး၏ကိုယ်စိတ်စွမ်းရည်များပြန်လည်နိုးကြားလာစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလေ့လာသင်ယူရန် သို့မဟုတ် လေ့ကျင့်လုပ်ကိုင်စေရန် အတွက်ပြန်လည်နိုးကြားရေးနှင့်ဖွံ့ဖြိုးရေးဌာနသို့ပို့ခြင်း သို့မဟုတ် ကလေး၏စိတ်ပြုပြင်ရန်ကလေး အားလက်ခံနိုင်လောက်သောဘုန်းတော်ကြီးကျောင်းများ သို့မဟုတ် တခြားဘာသာတရားဌာနများ သို့ပို့ဆောင်၍ဘာသာရေးနည်းလမ်းများဖြင့်ကုစားခြင်းတို့ကိုလည်ကောင်းပြုလုပ်ပေးရမည်။

ပထမအပိုဒ်ဖော်ပြချက်အရကူညီကယ်ဆယ်ပံ့ပိုးခြင်းသည်ဝန်ကြီးအဖွဲ့မှချမှတ်ထားသောဥပဒေများအ တိုင်းဖြစ်ရမည်။ထို့အပြင်မည်သည့်အကြောင်းမျိုးဖြစ်စေကာမူဖော်ပြပါအချက် (၄) (၅) (၆) နှင့် (၇) အရကူညီကယ်ဆယ်ပံ့ပိုးခြင်းကိုဆောင်ရွက်ပေးရာတွင်ကလေး၏အုပ်ထိန်းသူများထံမှကျေနပ် လက်ခံမှုရယူရမည်ဖြစ်သည်။ထိုအုပ်ထိန်းသူ၏ကျေနပ်လက်ခံမှုကိုစာရွက်စာတမ်းအဖြစ်ပြုလုပ်ရမည် ဖြစ်ပြီးထိုသို့ပြုလုပ်မှုပုံစံသည်ဝန်ကြီးဌာနနိုင်ငံကိုယ်စားလှယ်မှချမှတ်ထားသောပုံစံအတိုင်းဖြစ်ရမည် သို့မဟုတ် နှုတ်ဖြင့်သာကျေနပ်လက်ခံမှုပြုပါကအနည်းဆုံးသက်သေနှစ်ယောက်ရှေ့တွင်ပြုလုပ်ရ မည်ဖြစ်သည်။အုပ်ထိန်းသူမှခိုင်လုံသောအကြောင်းပြချက်မရှိဘဲလျက်မကျေနပ်လက်မခံနိုင်ဖြစ်ခြင်း သို့မဟုတ် ကျေနပ်လက်ခံ၍မရခြင်းများဖြစ်လျှင်အခြေအနေအပေါ်မူတည်၍ ဝန်ကြီးဌာနအတွင်း ဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့မှဖော်ပြပါနည်းများအတိုင်းကလေးအားကူညီကယ်ဆယ်ပံ့ပိုးမှုရရှိ စေရန်ကလေးအားပို့ဆောင်နိုင်ပါသည်။သို့ရာတွင်ဝန်ကြီးဌာန၏အတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီး မှူးတို့သည်ကလေးအားမပို့ဆောင်မီလူမှုကယ်ဆယ်ရေးရာကျွမ်းကျင်သူပညာရှင်နှင့်ဆေးကုသပိုင်း ဆိုင်ရာကျွမ်းသူများ၏အမြင်နှင့်ကလေး၏မှတ်တမ်းကိုဦးစွာနားထောင်ရမည်။

အခြေအနေအရဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးကလေးအားအချက် (၄) (၅) (၆) နှင့် (၇) အရကူညီကယ်ဆယ်ပံ့ပိုးမှုပြုမည်ဆိုရာ၌အချိန်ကာလအားသတ်မှတ်ပေးနိုင်သည့်အခွင့် အာဏာရှိသည်။ သို့ရာတွင်ကလေး၏အကျင့်စာရိတ္တပြောင်းလဲသွားပါကသတ်မှတ်ထားသည်အချိန် အတိုင်းအတာအားတိုးခြင်း သို့မဟုတ် လျှော့ခြင်းတို့ကိုသင့်လျော်သလိုပြုပြင်နိုင်သည်။ အဆိုပါသတ်မှတ်ထားသည့်အချိန်ကာလအတွင်းသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များသည်ကလေးအား အုပ်ထိန်းသူ၏ကြည့်ရှုစောင့်ရှောက်မှုအောက်သို့ပြန်လည်ရောက်ရှိစေရန်နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လျက်လျင်မြန်စွာဆောင်ရွက်ပေးရမည်။

အကယ်၍ကလေးသည်နိုင်ငံတော်မှကူညီကယ်ဆယ်မှုကိုလက်ခံရယူနေစဉ်အတွင်းအုပ်ထိန်းသူမှ ကလေးအားပြန်လည်အုပ်ထိန်းလိုကြောင်းနှင့်ကျွေးမွေးစောင့်ရှောက်နိုင်ကြောင်းပြသပြီးတောင်းဆို လာပါကအကြောင်းအရာအပေါ်မူတည်၍ဝန်ကြီးဌာန၏အတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးသည်

ကလေးအားသတ်မှတ်ထားသည့်ကူညီကယ်ဆယ်ပံ့ပိုးမှုကာလမပြည့်သေးသော်လည်းကူညီကယ်ဆယ်ပံ့ပိုးမှုကင်းလွတ်ခွင့်ပေးပြီးကလေးကိုအုပ်ထိန်းသူမှပြန်လည်စောင့်ရှောက်နိုင်ရန်ပေးအပ်နိုင်သည်။

ကူညီကယ်ဆယ်ပံ့ပိုးမှုရရှိသောသူသည်အသက် ၁၈ နှစ်တင်းတင်းပြည့်ပြီးသော်လည်းဆက်လက်၍ကူညီထောက်ပံ့မှုလိုအပ်သည့်အနေအထားတွင်ရှိပါကအကြောင်းအရာပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့သည်အဆိုပါကူညီကယ်ဆယ်မှုရရှိသူအားအသက်၂၀ နှစ်တင်းတင်းပြည့်သည်အထိကူညီစောင့်ရှောက်မှုရယူရန်သတ်မှတ်နိုင်သည်။သို့ရာတွင်ဆက်လက်ကူညီကယ်ဆယ်ပံ့ပိုးရန်မဖြစ်မနေလိုအပ်သည့်အခြေအနေရှိခြင်းနှင့်အဆိုပါကလေးမှငြင်းဆိုခြင်းမရှိပါကအခြေအနေပေါ်မူတည်၍ဝန်ကြီးဌာန၏အတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့သည်အဆိုပါသူအားလိုအပ်သောအခြေနေနှင့်သင့်လျော်သောကူညီကယ်ဆယ်ပံ့ပိုးမှုကိုဆက်လက်ချမှတ်နိုင်သည်။မည်သို့ပင်ဖြစ်စေကာထိုသို့ဆက်လက်ထိန်းသိမ်းမှုသည်အဆိုပါကူညီကယ်ဆယ်ပံ့ပိုးခံရသူ၏အသက် ၂၄ နှစ်တင်းတင်းပြည့်မကျော်စေရ။

ပုဒ်မ ၃၄။ ။ကလေး၏အုပ်ထိန်းသူသို့မဟုတ်ဆွေမျိုးသားချင်းတို့သည်ကူညီကယ်ဆယ်ပံ့ပိုးမှုကိုရရှိရန်အတွက်အတွက်လူ့အဖွဲ့အစည်းတိုးတက်ရေးနှင့်သက်သာချောင်ချိရေးဦးစီးဌာန သို့မဟုတ်ခရိုင်လူအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်သာချောင်ချိရေးရုံး သို့မဟုတ် ယာယီစောင့်ရှောက်ရေးဌာန၊ကူညီကယ်ဆယ်ရေးဌာန သို့မဟုတ် ပုဂ္ဂလိကအဖွဲ့ အစည်း၏ပြန်လည်နိုးကြားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကျောင်းများသို့ကလေးအားခေါ်သွားပြီးကူညီကယ်ဆယ်ပံ့ပိုးမှုတောင်းခံနိုင်သည်။

လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်သာချောင်ချိရေးဦးစီးဌာနသို့မဟုတ်ခရိုင်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်သာချောင်ချိရေးရုံးများသို့ကလေးအားခေါ်ဆောင်လာပြီးကူညီကယ်ဆယ်ပံ့ပိုးမှုလာရောက်တောင်းခံလျှင်လည်ကောင်းအဆိုပါကလေးသည်ကူညီကယ်ဆယ်ပံ့ပိုးမှုပေးရန်အဖြစ်မနေလိုအပ်နေပါကလည်ကောင်း ပုဒ်မ ၃၃ အရ သင့်တော်သောကူညီစောင့်ရှောက်မှုပေးရန်လူမှုဝန်ထမ်းအရာရှိမှဆင်ခြင်သုံးသပ်ရမည်။သို့ရာတွင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များမှကလေးအားပုဒ်မ ၃၃ အရသင့်တော်သောကူညီကယ်ဆယ်ပံ့ပိုးမှုပေးခြင်းနည်းလမ်းများမစီစဥ်နိုင်သေးပါကယာယီစောင့်ရှောက်ရေးဌာနသို့အရင်ပို့ထားနိုင်သည်။

ယာယီစောင့်ရှောက်ရေးဌာန၊ကူညီကယ်ဆယ်ပံ့ပိုးရေးဌာန သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း၏ပြန်လည်နိုးကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကျောင်းများသို့ကလေးအားခေါ်ဆောင်လာပြီးကူညီကယ်ဆယ်ပံ့ပိုးမှုလာရောက်တောင်းခံခြင်းရှိပါကကကလေးလုံခြုံရေးကြီးကြပ်သူသည်အဆိုပါကလေးနှင့်သက်ဆိုင်သည်မှတ်တမ်းရေးရာများကိုသက်ဆိုင်ရာတာဝန်ရှိလူမှုဝန်ထမ်းအရာရှိထံဖော်ပြအပိုဒ်(၂)ဆောင်ရွက်မှုများအတိုင်းစဉ်းစားသုံးသပ်အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်ပေးအပ်ရမည်ဖြစ်သည်။

ပုဒ်မ ၃၅။ ။သက်ဆိုင်ရာတာဝန်ရှိလူမှုဝန်ထမ်းအရာရှိ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံမှုစောင့်ရှောက်ရေးဆိုင်ရာကြီးကြပ်သူများသည် ပုဒ်မ ၃၂ (၁) နှင့် (၂) အရကူညီစောင့်ရှောက်သင့်သောကလေးအားတွေ့မြင်ရပါက သို့မဟုတ် ပုဒ်မ ၂၉ အရအကြောင်းကြားမှုအားလက်ခံရရှိပါကကလေးနှင့်ပတ်သက်သောအချက်အလက်များသိနိုင်ရန်မေးမြန်းစုံစမ်းရမည်။အကယ်၍ကလေးသည်ကျန်းမာရေးမကောင်းခြင်းသို့မဟုတ် ကျန်းမာရေးစစ်ဆေးရန်လိုအပ်နေခြင်း သို့မဟုတ် ဒုက္ခိတစသည်တို့ဖြစ်နေပါကကလေး၏

စိတ်နှင့်ကိုယ်အားကုသစစ်ဆေးပေးခြင်းကိုချက်ချင်းစီစဉ်ပေးရမည်။ အကယ်၍ကလေးသည်ကူညီစောင့်ရှောက်မှုမဖြစ်မနေလိုအပ်နေသည့်ကလေးဖြစ်ပါက ပုဒ်မ ၃၃ အရကူညီစောင့်ရှောက်မှုပေးနိုင်ရန်ဆင်ခြင်သုံးသပ်နိုင်သည်။သို့ရာတွင်မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေကာမူကလေးအားမိသားစုနှင့်အတူပြန်လည်နေထိုင်နိုင်ရန်အမြန်ဆုံးကြိုးစားဆောင်ရွက်ပေးရမည်။ သို့သော်ကလေး၏မိသားစု သို့မဟုတ် ပတ်ဝန်းကျင်အခြေအနေသည်ကလေးအတွက်ပြန်လည်သွားရောက်နေထိုင်ရန်မသင့်တော်ခြင်းနှင့်လုံခြုံမှုစောင့်ရှောက်ပေးရန်မဖြစ်မနေလိုအပ်သည့်အခြေအနေရှိပါကသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်သည်အခန်း(၅)ကလေးလုံခြုံမှုစောင့်ရှောက်ရေးနည်းများအတိုင်းအကောင်ထည်ဖော်ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၃၆။ ။ကလေးအား ပုဒ်မ ၃၃ (၂) (၄) သို့မဟုတ် (၆) များအရကူညီကယ်ဆယ်ပံ့ပိုးမှုပေးနေစဉ်အတွင်း၌ပင်အဆိုပါကလေးသည်ပြစ်မှုကျူးလွန်နိုင်သည့်အနေအထားရှိပြီးလုံခြုံမှုစောင့်ရှောက်သင့်သည့်အခြေအနေရှိပါအကြောင်းအရာအပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးမှကလေး၏လုံခြုံမှုစောင့်ရှောက်ခြင်းကိုအခန်း (၅) ဖော်ပြချက်နည်းနာများအတိုင်းဆောင်ရွက်ရန်ချမှတ်နိုင်သည်။

ပုဒ်မ ၃၇။ ။ယာယီစောင့်ရှောက်ရေးဌာန၊ကူညီကယ်ဆယ်ပံ့ပိုးရေးဌာနသို့မဟုတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနတို့သည် ပုဒ်မ ၃၃ (၅) (၆) သို့မဟုတ် (၇) အရကလေးအားလက်ခံထားခြင်းရှိစဉ်ကလေးလုံခြုံမှုစောင့်ရှောက်ရေးကြီးကြပ်သူမှကလေးနှင့်ကလေး၏မိသားစုနှင့်သက်ဆိုင်သည့်အရာများကိုအမြန်ဆုံးစုံစမ်းစစ်ဆေးလေ့လာရမည်။ထိုနောက်ကလေးတစ်ဦးချင်းစီအားကူညီကယ်ဆယ်ပံ့ပိုးမည့်သို့မဟုတ် လုံခြုံမှုစောင့်ရှောက်ရေးပေးမည့်နည်းလမ်းများနှင့်ပတ်သက်သည့်အမြင်များနှင့်တကွကလေး၏ကိုယ်ရေးမှတ်တမ်းများကိုပါအကြောင်းအရာပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးထံအမြန်ဆုံးတင်ပြရမည်။ ထို့နောက်ဝန်ကြီးဌာန၏အတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးတို့မှသင့်တော်မည့်လုပ်ဆောင်ချက်များကိုဆက်လက်ချမှတ်သွားရမည်ဖြစ်သည်။

ပုဒ်မ ၃၈။ ။ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးတို့သည်အုပ်ထိန်းသူ မှကျေနပ်လက်ခံခြင်းမရှိသော်လည်း ပုဒ်မ ၃၃ ဒုတိယအပိုဒ်အရကလေးအားကူညီကယ်ဆယ်ပံ့ပိုးမှုရယူရန်ချမှတ်သည့်အခါတွင်လည်းကောင်း၊ ပုဒ်မ ၃၃ တတိယအပိုဒ်အရသတ်မှတ်သည့်အချိန်ကာလအပေါ်တွင်အုပ်ထိန်းသူမှသဘောမတူသည့်အခါတွင်လည်းကောင်း သို့မဟုတ် အုပ်ထိန်းသူမှ ပုဒ်မ ၃၃ စတုတ္ထအပိုဒ်အရကလေးအားမိမိကိုယ်တိုင်အုပ်ထိန်းစောင့်ရှောက်ရန်လျှောက်ထားရာတွင်ဝန်ကြီးဌာန၏အတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးတို့ထံမှပယ်ချခြင်းခံရပါကလည်းကောင်းအုပ်ထိန်းသူသည် ပုဒ်မ ၅ အရအဆိုပါပယ်ချခံရသည့်နေ့မှစ၍ရက်ပေါင်း(၁၂၀)အတွင်းဒေသဆိုင်ရာတရားရုံးသို့တိုင်တန်းလျှောက်ထားပိုင်ခွင့်ရှိသည်။

ပုဒ်မ ၃၉။ ။ကလေးအားပြန်လည်အုပ်ထိန်းစောင့်ရှောက်ခွင့်ရသောအုပ်ထိန်းသူများတွင်ကလေးအပေါ်မတရားသဖြင့်ကျွေးမွေးအုပ်ထိန်းမည့်အနေအထားရှိနိုင်သည်ဟုယူဆရပါက ပုဒ်မ ၂၄ အရကလေးလုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိတို့သည်အုပ်ထိန်းသူများကိုအကြံပြုဆွေးနွေးချက်များပေးရမည်။အကယ်၍အုပ်ထိန်းသူသည်ဆွေးနွေးအကြံပြုပြောပြချက်များအတိုင်းလိုက်နာခြင်းမရှိပါကအကြောင်းအရာပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူး သို့မဟုတ် မြို့နယ်ဦးစီးမှူး သို့မဟုတ် မြို့နယ်ခွဲဦးစီးမှူးဖြစ်သည်အတွင်းဝန်တို့ထံစာတင်ရ

မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည်ကလေးအားဤသို့မတရားသဖြင့်အုပ်ထိန်းခြင်းနောင်တွင်မပြုလုပ်တော့ပါကြောင်းခံဝန်ချုပ်နှင့်ငွေကြေးနှင့်ပိုင်ဆိုင်မှုတန်းဖိုးအလိုက်အာမခံထားစေရန်အတွက် အုပ်ထိန်းသူအားအကြောင်းကြားခေါ်ယူခြင်းဖြစ်သည်။သို့သော်အဆိုပါအာမခံထားသည့်အရာအား ထိန်းသိမ်းထားမှုသက်တမ်း(၂)နှစ်အထက်မပိုစေရ။ အကယ်၍ခံဝန်ချုပ်ထားသည့်အတိုင်းလိုက်နာ ဆောင်ရွက်ခြင်းမရှိပါကအာမခံငွေကြေးအား ပုဒ်မ ၆၉ အရကလေးလုံခြုံမှုစောင့်ရှောက်ရေးဆိုင်ရာရန်ပုံငွေအဖြစ်သိမ်းယူရမည်ဖြစ်သည်။

ဆွေးနွေးအကြံပြုပေးခြင်းသို့မဟုတ်အာမခံငွေကြေးတောင်းခံရာ၌အုပ်ထိန်းသူ၏ငွေကြေးနှင့်ပိုင်ဆိုင်မှုတန်ဖိုးအပြင်ကလေးမှအကောင်းဆုံးအကျိုးရရှိနိုင်မည့်အချက်တို့ကိုထည့်သွင်းစဉ်းစားရန်ထည့်လိုအပ်သည်။

## အခန်း(၄)

## ကလေးလုံခြုံရေးစောင့်ရှောက်မှု

ပုဒ်မ ၄၀။ ။လုံခြုံရေးစောင့်ရှောက်မှုရရှိသင့်သောကလေးများမှာအောက်ပါအတိုင်းဖြစ်သည်။

(၁)ညှင်းပန်းနှိပ်စက်ခံရသောကလေး။

(၂)မကောင်းသောပြစ်မှုတို့အားကျူးလွန်နိုင်သည့်ကလေး။

(၃)ဝန်ကြီးအဖွဲ့မှထုတ်ပြန်ထားသည့်ဥပဒေသတ်မှတ်ချက်များအတိုင်းလုံခြုံရေးစောင့်ရှောက်မှုမရှိမဖြစ်လိုအပ်သောကလေး။

ပုဒ်မ ၄၁။ ။ကလေးအားညှင်းပန်းနှိပ်စက်ခြင်းကိုတစ်စုံတစ်ယောက်မှကိုယ်တိုင်တွေ့မြင်သည့်ဖြစ်စေ သို့မဟုတ် ညှင်းပန်းနှိပ်စက်နိုင်သည့်ဟုယုံကြည်နိုင်လောက်သည်အနေထားရှိသည်ကိုတွေ့မြင်သည်ဖြစ်စေ သက်ဆိုင်ရာလူမှုဝန်ထမ်း သို့မဟုတ် အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်များသို့မဟုတ်ပြည်သူ့ရဲ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူတာဝန်ရှိပုဂ္ဂိုလ်များထံအမြန်ဆုံးအကြောင်း ကြားခြင်း သို့မဟုတ် တင်ပြခြင်းပြုလုပ်ရမည်။

သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိ၊ အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်များ သို့မဟုတ် ပြည်သူ့ရဲ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူတို့သည်ဖော်ပြပါ ပထမပိုဒ် အရတိုင်းကြားမှုကိုလက်ခံရရှိခြင်း သို့မဟုတ် ကိုယ်တိုင်တွေ့မြင်ခြင်း သို့မဟုတ် တစ်နေနေရာတွင်ကလေးအားညှင်းပန်းနှိပ်စက်လောက်သည်ဟုယုံကြည်နိုင်စရာရှိသည့်အချက်ကိုတွေ့ရခြင်းများရှိပါကအဆိုပါနေရာသို့ဝင်ရောက်စစ်ဆေးပြီးကလေးအားလုံခြုံရေးစောင့်ရှောက်မှုအလျင်မြန်ဆုံးပေးနိုင်ရန်ကလေးအားမိသားစုမှခွဲထုတ်ခြင်းတို့ကိုပြုလုပ်နိုင်သည့်အခွင့်အာဏာရှိသည်။

ဤပုဒ်မအတိုင်းတိုင်ကြားခြင်း သို့မဟုတ် တင်ပြခြင်းများကိုကိုယ်ကျိုးမဖက်ရိုးဖြောင့်စွာပြုလုပ်ပါက တရားမမှုဆိုင်ရာ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာပြစ်မှု သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာပြစ်မှုများမှ အရေးယူခြင်းကင်းလွတ်သည့်အပြင်စောင့်ရှောက်ကာကွယ်ပေးခြင်းကိုလည်းခံရမည်ဖြစ်သည်။

ပုဒ်မ ၄၂။ ။ ပုဒ်မ ၄၁ ဒုတိယအပိုဒ် အရကလေး၏လုံခြုံမှုစောင့်ရှောက်ရေးကိုအကောင်ထည်ဖော်ဆောင်ရွက်ရာ၌ကလေး၏ကိုယ်နှင့်စိတ်ကျန်းမာရေးကိုလျင်မြန်စွာစစ်ဆေးကုစားပေးရမည်။ အကယ်၍သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်မှကလေးအား သင့်လျော်သောလုံခြုံရေးစောင့်ရှောက်မှုများကိုပေးနိုင်ရန်အတွက်ကလေးနှင့်ကလေး၏မိသားစုဆိုင်ရာအချက်အလက်များကိုစုံစမ်းရှာဖွေခြင်းနှင့်စစ်ဆေးခြင်းပြုလုပ်ရန်လိုအပ်မည်ဟုယူဆပါကကလေးအားကယ်ဆယ်ရေးဌာနသို့ပို့ထားနိုင်ခြင်း သို့တည်းမဟုတ် ကူညီကယ်ဆယ်ရန်မရှိမဖြစ်လိုအပ်ပါ ပုဒ်မ ၃၃ အရကူညီစောင့်ရှောက်ရန်စဉ်းစားပြီးအကူညီပေးခြင်း သို့တည်းမဟုတ် ကလေးသည်စိတ်ကျန်းမားရေးနှင့်ပြန်လည်နိုးကြားရေးအတွက်ကူညီကယ်ဆယ်မှုမရှိမဖြစ်လိုအပ်ပါကဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနများသို့အမြန်ဆုံးပေးပို့နိုင်ပါသည်။

သင့်လျော်သောလုံခြုံရေးစောင့်ရှောက်မှုနည်းများရှာဖွေရန်အတွက်မေးမြန်းစုံစမ်းခြင်းနှင့်စစ်ဆေးခြင်းပြုလုပ်နေစဉ်အတွင်းဖော်ပြပါ ပထမပိုဒ် အရကလေးအားကယ်ဆယ်ရေးဌာန၊ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာန သို့မဟုတ် တစ်နေနေရာသို့ပို့ထားခြင်းကို(၇)ရက်အထိသာပြုလုပ်နိုင်သည်။ သို့သော်ကလေး၏အကျိုးရရှိမှုအတွက်မရှိမဖြစ်လိုအပ်ပါက သို့မဟုတ် သင့်လျော်သောအကြောင်းအရင်းရှိပါကသက်ဆိုင်ရာလူမှုဝန်းထမ်းအရာရှိ သို့မဟုတ် အစိုးရရှေ့နေတို့သည်ရက်ရွှေ့ဆိုင်းရန်အတွက်တရားရုံးသို့ ပုဒ်မ ၅ အရခွင့်ပြုချက်ရရန်လျှောက်ထားတိုင်ကြားနိုင်သည်။သို့သော်ထိုရက်ရွှေ့ဆိုင်းခြင်းသည်စုစုပေါင်းရက်(၃၀)ထက်မပိုစေရ။

ပုဒ်မ ၄၃။ ။ကလေးအားညှင်းပန်းနှိပ်စက်သူသည်ကလေး၏အုပ်ထိန်းသူ သို့မဟုတ် ဆွေမျိုးများဖြစ်နေလျှင် အဆိုပါပြစ်မှုကျူးလွန်သူအားရာဇဝတ်မှုကျူးလွန်သူအဖြစ်တိုင်းကြားမှုရှိခြင်း သို့မဟုတ် အတိုင်းကြားခံရသူသည်ကလေးအားထပ်မံညှင်းပန်းနှိပ်စက်နိုင်သည့်အနေအထားရှိသည်ဟုယူဆရပါကကြားနာသောတရားရုံးသည်ထိုအမှုအားကြားနာစစ်ဆေးပြီးပြစ်မှုကျူးလွန်သူအားတားမြစ်နယ်မြေသတ်မှတ်ခြင်း သို့မဟုတ် တရားရုံးမှသတ်မှတ်ထားသည့်ကာလအတွင်းကလေးအနီးသို့လာခြင်းအားတားမြစ်ခြင်းဖြင့်ကာကွယ်မှုပြုလုပ်နိုင်သည်။ထိုအပြင်အဆိုပါပြစ်မှုကျူးလွန်သူအား ပုဒ်မ ၄၆ နှင့် ရာဇသတ်ကြီးကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရခံဝန်ချုပ်ပြုလုပ်ရန်အမိန့်ချမှတ်နိုင်သည်။

ရာဇဝတ်မှုအဖြစ်မတိုင်ကြားခြင်း သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ကြောင်းတိုင်ကြားမှုမရှိသေးသော်လည်းကလေးအားထပ်မံညှင်းပန်းနှိပ်စက်နိုင်သည့်အပြုအမူရှိသည်ဟုယုံကြည်ရပါကသက်ဆိုင်ရာလူမှုဝန်ထမ်း သို့မဟုတ် အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်များ သို့မဟုတ် ပြည်သူ့ရဲ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူ သို့မဟုတ် အစိုးရရှေ့နေတို့သည်အဆိုပါအပြုအမူများအားမပြုလုပ်စေရန် ပုဒ်မ ၅ အရထိန်းချုပ်နိုင်သည့်စည်းမျဉ်းများကိုထုတ်ပြန်ခြင်းနှင့်အာမခံထားစေခြင်းတို့ကိုပြုလုပ်ရန်အတွက်တရားရုံးသို့တိုင်ကြားလျှောက်ထားရမည်။

ဖော်ပြပါ ပထမပိုဒ် နှင့် ဒုတိယပိုဒ် များအရကလေးအားထပ်မံညှင်းပန်းနှိပ်စက်မှုခံရခြင်းမှကာကွယ်စောင့်ရှောက်ရန်မဖြစ်မနေလိုအပ်သည်ဟုတရားရုံးမှယူဆပါကကလေးအားညှင်းပန်းနှိပ်စက်သူဟုယုံကြည်ရသောသူကိုပြည်သူ့ရဲမှဖမ်းဆီးချုပ်နှောင်ပေးရန်တရားရုံးမှအမိန်ထုတ်ပြန်နိုင်သည့်အခွင့်အာဏာရှိသည်။ သို့သော်ယင်းဖမ်းဆီးချုပ်နှောင်မှုသည် တစ်ကြိမ်လျှင်ရက်(၃၀)ထက်မကျော်စေရ။

အမိန့်ထုတ်ပြန်ခြင်းအတွက်စဉ်းစားသုံးသပ်ရာတွင်လည်ကောင်း သို့မဟုတ် အာမခံထားရှိခိုင်းရာတွင်လည်ကောင်းကလေးမှရရှိနိုင်မည့်အကျိုးအရှိဆုံးအချက်တို့ကိုထည့်သွင်းစဉ်းစားရန်ထည့်လိုအပ်သည်။

ပုဒ်မ ၄၄။ ။သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံရေးစောက်ရှောက်ကြီးကြပ်သူတို့သည်ပြစ်မှုကျူးလွန်နိုင်သည့်ကလေးအားတွေ့ရှိပါက သို့မဟုတ် တွေ့ရှိသူမှအကြောင်းကြားပါက ကလေးနှင့်သက်ဆိုင်သောအမှန်ကိုသိနိုင်ရန်အတွက်ကလေးအားစစ်ဆေးမေးမြန်းခြင်းအပြင် ကလေး၏အချက်အလက်များကိုသိနိုင်ရန်ကလေး၏မိသားစုအတွင်းဆက်ဆံရေး၊နေထိုင်မှုဘဝ၊ ကြည့်ရှုစောင့်ရှောက်ခံရသည့်ပုံစံ၊ကလေးအကျင့်စရိုက်များနှင့်အပြုအမူများစသည့်အချက်အလက်များရှာဖွေခြင်းတို့ကိုအကောင်ထည်ဖော်ဆောင်ရွက်ရမည်။ အကယ်၍ကလေးအားလုံခြုံမှုစောင့်ရှောက်ရေးဌာန သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်လည်နိုးကြားရေးဌာနများသို့ပို့သောနည်းဖြင့်ကလေး၏လုံခြုံရေးကိုစောင့်ရှောက်ပေးမည်ဆိုပါကကကလေးအားသင့်လျော်သောနည်းများဖြင့်လုံခြုံရေးစောင့်ရှောက်မှုပေးခြင်းအတွက်နည်းလမ်းများသုံးသပ်ထုတ်ပြန်ပေးရန်အတွက်အကြောင်းအရာပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့ထံကလေး၏ကိုယ်ရေးရာဇဝင်နှင့်တကွထင်မြင်သုံးသပ်ချက်များကိုပါပို့ဆောင်ရမည်။

သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံရေးစောက်ရှောက်ကြီးကြပ်သူသည်ကလေးအားမဖြစ်မနေအကူညီပေးရန်လိုအပ်သည်ဟုယူဆပါက ပုဒ်မ ၃၃ အရကူညီစောင့်ရှောက်မှုပေးရန်စဉ်းစားသုံးသပ်နိုင်သည်။သို့သော်ကလေးအားယာယီလက်ခံရေးဌာန၊ ကူညီကယ်ဆယ်ရေးဌာန၊လုံခြုံမှုစောင့်ရှောက်ရေးဌာန သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနများသို့ပို့ရန်မလိုအပ်သေးဟုယူဆပါကကလေးအားအုပ်ထိန်းသူ သို့မဟုတ် ကြည့်ရှုစောင့်ရှောက်လိုသောသူထံကလေးအားပေးအပ်ရမည်။ ထို့အတူ ပုဒ်မ ၄၈ ရကလေးလုံခြုံမှုစောင့်ရှောက်ကြီးကြပ်မည့်သူကိုရွေးချယ်ခန့်အပ်လိုပါကရွေးချယ်ခန့်အပ်နိုင်သည်။ထို့အပြင်အုပ်ထိန်းသူ သို့မဟုတ် ကလေးအားကြည့်ရှုစောင့်ရှောက်လိုသူများနှင့်တိုင်ပင်ဆွေးနွေးခြင်းပြုလုပ်ပြီးသည့်နောက်ကလေးမှပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားခြင်းများမဖြစ်စေရန်ကာကွယ်နိုင်သည့်နည်းနာများချမှတ်ရမည်။ ထိုချမှတ်ထားသောအချက်များကိုအုပ်ထိန်းသူ သို့မဟုတ် ကလေးအားကြည့်ရှုစောင့်ရှောက်လိုသူတို့သည်ဖော်ပြပါအချက်များထဲမှသင့်လျော်သောတစ်ချက်ချက်ကိုလည်ကောင်း သို့မဟုတ် အချက်များစွာကိုလည်ကောင်းလိုက်နာဆောင်ရွက်ရမည်။

(၁) ကလေးအားမကောင်းသောပြစ်မှုများကျူးလွန်ရန်ဖြားယောင်းသွေးဆောင်နိုင်သည့်နေရာဌာန သို့မဟုတ် နယ်ပယ်ဒေသအတွင်းသို့သွားရောက်ခြင်းမရှိစေရန်သတိထားရမည်။

(၂) ညဘက်အချိန်များတွင်အရေးပေါ်မဖြစ်မနေသွားရမည့်အခြေအနေ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူသွားခြင်းမှလွဲ၍ကလေးအားနေအိမ်အပြင်သို့မထွက်စေရန်သတိထားရမည်။

(၃) ကလေးအားအကျိုးယုတ်လျော့နိုင်သည့်ဖက်သို့ဖြားယောင်းသွေးဆောင်မည့်သူများသို့မဟုတ် အဖွဲ့အစည်းများနှင့်ပေါင်းဖော်ခြင်းမရှိစေရန်သတိထားရမည်။

(၄) ကလေး၏အကျင့်စာရိတ္တအားပျက်ပြားစေနိုင်သောအလုပ်ကိုကလေးအားမပြုလုပ်စေရန် သတိထားရမည်။

(၅) ကလေး၏အသက်၊အသိပညာ၊စိတ်ဝင်စားမှုနှင့်သင့်လျော်သောသွန်သင်ဆုံးမမှုနှင့်ပညာသင်ယူနိုင်မှု ရှိစေရန်စီစဉ်ပေးရမည်။

(၆) ကလေး၏ကျွမ်းကျင်မှုနှင့်စိတ်ဝင်စားမှုတို့နှင့်သင်လျော်သောအလုပ်အကိုင်အားလုပ်ကိုင်စေရန် စီစဉ်ပေးရမည်။

(၇) ဂုဏ်သိက္ခာတရား၊စာရိတ္တတရားနှင့်အများအကျိုးဆိုင်ရာကောင်းမှုကုသိုလ်တရားများဖက်၍ ကလေးအားဖွံ့ဖြိုးတိုးတက်မှုရှိစေရန်ပြုလုပ်နိုင်သည့်အလုပ်များကိုစီစဉ်ဖန်တီးပေးရမည်။

အကယ်၍အုပ်ထိန်းသူ သို့မဟုတ် ကလေးအားကြည့်ရှုစောင့်ရှောက်လိုသူတို့သည်သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံရေးစောက်ရှောက်ကြီးကြပ်သူတို့၏ သတ်မှတ်ချက်များကိုအလေးထားလိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းထင်ရှားလျှင်သက်ဆိုင်ရာလူမှုဝန်ထမ်း အရာရှိ သို့မဟုတ် ကလေးလုံခြုံရေးစောက်ရှောက်ကြီးကြပ်သူတို့သည်ကလေးအားပြန်လည်စောင့်ရှောက် ထားရမည်။

ပုဒ်မ ၄၅။ ။ကလေးအားအရက် သို့မဟုတ် ဆေးလိပ်တို့ကိုဝယ်ခြင်း သို့မဟုတ် သုံးစွဲခြင်းလုံးဝခွင့်မပြုရ။ သို့တည်းမဟုတ် အရက် သို့မဟုတ် ဆေးလိပ်သီးသန့်ရောင်းချသည့်နေရာ သို့မဟုတ် သုံးစွဲသည့်နေရာ များသို့ကလေးအားဝင်ရောက်သုံးစွဲခြင်းလုံးဝခွင့်မပြုရ။ အကယ်၍ဥပဒေကိုချိုးဖောက်ပါကလူမှုဝန်ထမ်း အရာရှိများမှကလေး၏အချက်အလက်များသိနိုင်ရန်ကလေးအားမေးမြန်းခြင်းနှင့်အုပ်ထိန်းသူများနှင့်ဆွေး နွေးတိုင်ပင်ခြင်း သို့မဟုတ် သတိပေးခြင်း၊ ခံဝန်ချုပ်ပြုလုပ်စေခြင်း၊ သို့တည်းမဟုတ် ကလေးအားလူ့ အဖွဲ့အစည်းဆိုင်ရာ သို့မဟုတ် အများအကျိုးဆောင်လုပ်ငန်းများတွင်လုပ်ကိုင်စေမည့်အချိန်နှင့်နည်းလမ်း များအတွက်သတ်မှတ်ချက်များချမှတ်နိုင်ရန်အတွက်အစည်းအဝေးတက်ရောက်ရန်အကြောင်းကြားစာပို့ခြင်း ကိုလည်ကောင်း၊အုပ်ထိန်းသူတို့အား ပုဒ်မ ၄၄ ဒုတိယအပိုဒ်ဖော်ပြပါအချက်များထဲမှသင့်လျော်သော တစ်ချက်ချက်ကိုလည်ကောင်း သို့မဟုတ် အချက်များစွာကိုလည်ကောင်းလိုက်နာဆောင်ရွက်စေခြင်း သို့မဟုတ် ကလေးမှနောက်ထပ်အမှားကျူးလွန်မှုမရှိစေရန်ကာကွယ်ခြင်း သို့မဟုတ် ဖြေရှင်းခြင်းတို့ကို ပြုလုပ်နိုင်ရန်တခြားသောသတ်မှတ်ချက်များကိုချမှတ်ပေးရမည်။

အကယ်၍ကလေးအုပ်ထိန်းသူသည်ပထမပိုဒ်ရှိဥပဒေပြဋ္ဌာန်းချက်များကိုချိုးဖေါက်ပါက ပုဒ်မ ၃၉ ရှိဥပဒေပြဋ္ဌာန်းချက်များကိုအစားထိုးကျင့်သုံးနိုင်သည်။

ပထမပိုဒ် အရသတိပေးစကားပြောခြင်း၊ ခံဝန်ချုပ်ပြုလုပ်စေခြင်းနှင်ကလေးအားလူမှုပတ်ဝန်းကျင် သို့မဟုတ် အများအကျိုးဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများလုပ်ကိုင်စေခြင်းစသည့်ကိစ္စရပ်များကို ဆောင်ရွက်ရာတွင်ဝန်ကြီးအဖွဲ့၏သတ်မှတ်ထားသောစံညွှန်းနှင့်နည်းလမ်းများအတိုင်းဖြစ်စေရမည်။

ပုဒ်မ ၄၆။ ။ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့မှကလေးအားလုံခြုံရေးစောင့်ရှောက်မှုယူရန် အတွက်ပိုဆောင်ရန်အမိန့်ချခြင်း သို့မဟုတ် သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိမှ ပုဒ်မ ၄၄ အရ ကလေးအားလူမှုပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် အများအကျိုးဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများ ကိုဆောင်ရွက်လုပ်ကိုင်စေခြင်းကိစ္စနှင့်ပတ်သက်၍အုပ်ထိန်းသူမှကျေနပ်ခြင်းလက်ခံနိုင်ခြင်းမရှိပါက အမိန့်ထုတ်ပြန်ကြောင်းကြားသိရသည့်ရက်မှရက်ပေါင်း(၁၂၀)အတွင်းအဆိုပါအမှုကိုတရားရုံးသို့တိုင်တန်း လျှောက်ထားနိုင်ပါသည်။

ပုဒ်မ ၄၇။ ။ကလေးလုံခြုံရေးစောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ချက်နည်းလမ်းများကိုဤဥပဒေပြဋ္ဌာန်းချက် များအပြင်ကော်မတီအဖွဲ့၏စည်းမျဉ်းသတ်မှတ်ချက်များအတိုင်းလည်းဆောင်ရွက်နိုင်သည်။

## အခန်း (၅)

## ကလေးလုံခြုံရေးစောင့်ရှောက်ပေးသူ

---

ပုဒ်မ ၄၈။ ။ဤဥပဒေပြဋ္ဌာန်းချက်များအရလည်ကောင်း သို့မဟုတ် တခြားသောဥပဒေ ပြဋ္ဌာန်းချက်များအရ လည်ကောင်းကလေးအားကူညီကယ်ဆယ်ရေး၊ လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေး၏အကျင့်စာရိတ္တ ကောင်းမွန်လာစေရန်အားပေးကူညီရေးစသည့်ကဏ္ဍတို့ကိုဆောင်ရွက်ရာ၌ကလေးတစ်ဦးတစ် ယောက်အားကြီးကြပ်ကြည့်ရှုသည့်လုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူအားခန့်အပ်ရန်လိုအပ်သည်ဟု ယူဆပါကခန့်အပ်ရန်အတွက်အခြေအနေကိုလိုက်၍ ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့ထံခွင့်ပြုချက်တောင်းရမည်။ လူမှုကယ်ဆယ်ရေးဝန်ထမ်း သို့မဟုတ် ကလေးလုံခြုံရေးစောင့်ရှောက်ရန်သင့်လျော်ပြီးစေတနာအလျောက်လုပ်ပေးချင်သူတို့ကို လုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူအဖြစ်ခန့်အပ်နိုင်သည်။ ထို့အပြင်လုံခြုံရေးစောင့်ရှောက်ကြီး ကြပ်သူ၏ကြည့်ရှုစောင့်ရှောက်ခြင်းခံရသောကလေး၏နေထိုင်သည့်နေရာကိုသတ်မှတ်ခြင်းလည်း ပြုနိုင်သည်။

ယာယီလက်ခံရေးဌာန၊ကူညီကယ်ဆယ်ရေးဌာန၊လုံခြုံမှုစောင့်ရှောက်ရေးဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေး နှင့်ပြည်လည်နိုးကြားရေးဌာနတို့၏အုပ်ထိန်းစောင့်ရှောက်မှုအောက်မှလွတ်မြောက်လာသောကလေး အားသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့မှဆက်လက်၍လုံခြုံရေးစောင့်ရှောက်မှုပေးသင့်သောခိုင်လုံသော အကြောင်းအရာရှိပါကဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့ထံအခြေအနေကိုလိုက် ၍ခွင့်ပြုချက်တောင်းခံနိုင်သည်။ လူမှုဝန်ထမ်းအရာရှိ၊လူမှုကယ်ဆယ်ရေးဝန်ထမ်း၊ ကလေးလုံခြုံရေး စောင့်ရှောက်ရန်သင့်လျော်ပြီးစေတနာအလျောက်ကူညီပေးချင်သူတို့ကိုကလေးလုံခြုံရေးစောင့်ရှောက် ကြီးကြပ်သူအဖြစ်ခန့်အပ်ရမည်။

ကလေးလုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူကိုခန့်အပ်ခြင်းသည်တစ်ကြိမ်လျှင်(၂)နှစ်မကျော်စေရ။

ပုဒ်မ ၄၉။ ။ကလေးလုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူသည်အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာရှိသည်။

(၁) ကြီးကြပ်ကြည့်ရှုစောင့်ရှောက်နေသောကလေး၏အကျင့်စာရိတ္တ၊ ပညာရေးအပြင်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မှုနှင့်ဆိုင်သောကိစ္စရပ်များတွင်သွားရောက်ကြည့်ရှုလည်ပတ်ခြင်း၊ တိုင်ပင်ဆွေးနွေးမှုပြုခြင်း၊ အကြံဉာဏ်များပေးခြင်းနှင့်သတိပေးခြင်းတို့ကိုပြုလုပ်ခြင်း။

(၂) ကြီးကြပ်ကြည့်ရှုစောင့်ရှောက်နေသောကလေး၏အုပ်ထိန်းသူများကိုကလေးအားဆုံးမသွန်သင်ခြင်းနှင့်ကျွေးမွေးစောင့်ရှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၌သွားရောက်ကြည့်ရှုလည်ပတ်ခြင်း၊ တိုင်ပင်ဆွေးနွေးမှုပေးခြင်း၊အကြံဉာဏ်များပေးခြင်းနှင့်သတိပေးခြင်းတို့ကိုပြုလုပ်ခြင်း။

(၃) ကလေးနှင့်ကလေးအုပ်ထိန်းသူတို့၏နေထိုင်မှုဘဝအခြေအနေနှင့်ပတ်သက်သည့်ကိစ္စရပ်များအပေါ်တွင်ထားရှိသည့်သုံးသပ်ယူဆချက်များကိုအကြောင်းအရာပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန်၊ ခရိုင်ဦးစီးဌာနမှူး၊ လူမှုဝန်ထမ်းအရာရှိ၊ လုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူ၊ ကော်မတီအဖွဲ့၊ ဘန်ကောက်မြို့တော်ကလေးစောင့်ရှောက်ရေးအဖွဲ့ သို့မဟုတ် ခရိုင်ကလေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့ထံတင်ပြခြင်းနှင့်အစီရင်ခံခြင်းတို့ကိုဆောင်ရွက်ရမည်။

ပုဒ်မ ၅၀။ ။လုံခြုံရေးစောင့်ရှောက်ကြီးကြပ်သူ သို့မဟုတ် လုံခြုံရေးစောင့်ရှောက်သူများသည်ကလေးနှင့်ကလေးအုပ်ထိန်းသူတို့၏နာမည်၊ ဂုဏ်သိက္ခာကျဆင်းစေနိုင်သော သို့မဟုတ် အကျိုးအခွင့်အရေးများဆုံးရှုံးမှုကိုတနည်းမဟုတ်တနည်းဖြစ်စေနိုင်သောကလေးနှင့်ကလေးအုပ်ထိန်းသူ၏အမည်၊ မျိုးရိုးနာမည်နှင်ဓါတ်ပုံ သို့မဟုတ် ကလေးနှင့်ကလေးအုပ်ထိန်းသူတို့နှင့်သက်ဆိုင်သောမည်သည့်အချက်အလက်မျိုးကိုမျှထုတ်ဖော်ခြင်းလုံးဝမရှိစေရ။

လူမှုဝန်ထမ်းအရာရှိ၊ လူမှုကယ်ဆယ်ရေးဝန်ထမ်း၊ စိတ်ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတို့အပြင်ပုဒ်မ ၂၄ အရကလေးလုံခြုံမှုစောက်ရှောက်ရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့သည်မိမိတို့တာဝန်များကိုထမ်းဆောင်ရာတွင်ဖော်ပြပါ ပထမအပိုဒ် ၏ပြဌာန်းချက်များကိုသိပြီးလိုက်နာရမည်ဖြစ်သည်။

ပထမပိုဒ်နှင့်ဒုတိယအပိုဒ်ရှိပြဌာန်းချက်များကိုချိုးဖေါက်ပြီးမည်သူတစ်ဦးတစ်ယောက်မျှမည်သည့်အချက်အလက်ကိုမျှသတင်းမီဒီယာများတွင်လည်ကောင်း သို့မဟုတ် ဆက်သွယ်ရေးကိရိယာတစ်မျိုးမျိုးတို့ဖြင့်ကြော်ငြာခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလုံးဝမရှိစေရ။

## အခန်း(၆)

## ကလေးထိန်းကျောင်းယာယီလက်ခံရေးဌာနနှင့်ကူညီကယ်ဆယ်ရေးဌာန၊ လုံခြုံရေးစောင့်ရှောက်မှုဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာန

---

ပုဒ်မ ၅၁။ ။ကလေးထိန်းကျောင်း၊ ယာယီလက်ခံရေးဌာနနှင့်ကူညီကယ်ဆယ်ရေးဌာန၊လုံခြုံရေးစောင့်ရှောက်မှုဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနစသည်ဌာနများကိုဝန်ကြီးဌာနအတွင်းဝန်သည်နိုင်ငံနယ်နိမိတ်ဒေသအတွင်း၌လည်းကောင်း၊ခရိုင်ဦးစီးမှူးသည်ခရိုင်နယ်ပယ်ဒေသအတွင်း၌လည်းကောင်းအဆိုပါဌာနများကိုတည်ထောင်ပိုင်ခွင့်အာဏာရှိသည်။

ဤဥပဒေပြဋ္ဌာန်းချက်များအရလုပ်ပိုင်ခွင့်အာဏာရှိသောသူများအပြင်တခြားသောအစိုးရဌာနများသည်ကလေးထိန်းကျောင်းကိုသာထူထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်ခွင့်ရှိသည်။ထိုသို့ထူထောင်ဖွင့်လှစ်ဆောင်ရွက်မှုကိုသက်ဆိုင်သည့်အခြေအနေအလိုက်ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့မှသိရန်အကြောင်းကြားရမည်။အဆိုပါထူထောင်ဖွင့်လှစ်မှုနှင့်ဆောင်ရွက်မှုတို့ကိုဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့မှအကြံဉာဏ်များပေးခြင်း သို့မဟုတ် အထောက်အပံ့များပေးခြင်းပြုရမည်။

ပုဒ်မ ၅၂။ ။ပုဒ်မ ၅၁ ပြဋ္ဌာန်းချက်များအရကလေးထိန်းကျောင်း၊ ယာယီလက်ခံရေးဌာနနှင့်ကူညီကယ်ဆယ်ရေး ဌာန၊ လုံခြုံရေးစောင့်ရှောက်မှုဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနများကိုဖွင့်လှစ်ထူထောင်မည့်သူသည်သက်ဆိုင်သည့်အခြေအနေအပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့ထံခွင့်ပြုချက်တောင်းခံရမည်။

ခွင့်ပြုချက်အမိန်စာတောင်းခံခြင်း၊ ခွင့်ပြုကြောင်းအမိန့်စာထုတ်ပြန်ခြင်း၊ ခွင့်ပြုချက်အမိန့်စာသက်တမ်းတိုးရန်တောင်းခံခြင်း၊ ခွင့်ပြုချက်အမိန့်စာသက်တမ်းတိုးရန်ခွင့်ပြုခြင်း၊ ခွင့်ပြုချက်အမိန့်စာပျောက်ဆုံးပျက်စီးခြင်း၊ ဖျက်ဆီးခံရခြင်း သို့မဟုတ် ဆွေးမြေ့ခြင်းများကြောင့်အစားထိုးတောင်းခံခြင်း၊အစားထိုးရန်ခွင့်ပြုချက်အမိန့်စာထုတ်ပေးခြင်းနှင့်ခွင့်ပြုချက်အမိန့်စာအားပယ်ဖျက်ခြင်းများကိုဝန်ကြီးဌာနမှသတ်မှတ်ထားသည့်စံညွှန်းနည်းလမ်းသတ်မှတ်ချက်များအတိုင်းဖြစ်ရမည်ဖြစ်ပြီးဝန်ဆောင်ခကြေးငွေကိုလည်းဝန်ကြီးဌာနမှသတ်မှတ်ထားသည့်အတိုင်းပေးဆောင်ဖြစ်ရမည်ဖြစ်သည်။

ပုဒ်မ ၅၃။ ။ဝန်ကြီးဌာနအတွင်းဝန်၊ ခရိုင်ဦးစီးဌာနမှူး၊ ကော်မတီအဖွဲ့၊ ဘန်ကော်မြို့တော်ကလေးစာင့်ရှောက်ရေးအဖွဲ့နှင့်ခရိုင်ကလေးစောင့်ရှောက်ရေးကော်မတီတို့သည်မိမိတို့တာဝန်ကျရာဒေသအတွင်းရှိကလေးထိန်းကျောင်း၊ ယာယီလက်ခံရေးဌာ၊ ကူညီကယ်ဆယ်ရေးဌာန၊ လုံခြုံရေးစောင့်ရှောက်မှုဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနတို့၏ဆောင်ရွက်ချက်များကိုကြီးကြပ်ကြည့်ရှုခြင်းနှင့်ထောက်ပံ့အားပေးခြင်းပြုရမည်။

ပုဒ်မ ၅၄။ ။ယာယီကလေးလက်ခံရေးဌာန၊ ကူညီကယ်ဆယ်ရေးဌာန၊ ကလေးလုံခြုံရေးစောင့်ရှောက်မှုဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနတို့သည်အကျိုးအမြတ်အတွက်စီးပွါးရှာခြင်းအနေထားရှိသည့်အနေအထားမျိုးလုံးဝမရှိစေရ။ ထို့အပြင်ကလေးလုံခြုံရေးကြီးကြပ်သူသည်အဆိုပါဌာနများကိုအုပ်ထိန်းစောင့်ရှောက်သူနှင့်စီမံခန့်ခွဲကြီးကြပ်သူဖြစ်စေရမည်။

ဖော်ပြပါပထမအပိုဒ်ရှိဌာနများ၏ ဆောင်ရွက်များသည်ဝန်ကြီးဌာနအတွင်းဝန်မှချမှတ်ပေးသောစည်း မျဉ်းအတိုင်းသာဖြစ်စေရမည်။

ပုဒ်မ ၅၅။ ။ဝန်ကြီးဌာနအတွင်းဝန်နှင့်ခရိုင်ဦးစီးဌာနမှူးတို့သည်ယာယီလက်ခံရေးဌာ၊ကူညီကယ်ဆယ်ရေးဌာန၊ လုံခြုံရေးစောင့်ရှောက်မှုဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာန၏ လုံခြုံရေးကြီးကြပ် သူအားခန့်အပ်ခြင်းနှင့်ရုတ်သိမ်းခြင်းကိုဝန်ကြီးဌာနမှချမှတ်သည့်စည်းမျဉ်းသတ်မှတ်ချက်များ၊ နည်းလမ်း၊ စံချိန်စံညွှန်းများအရပြုလုပ်နိုင်သည်။

ပုဒ်မ ၅၆။ ။ယာယီကလေးလက်ခံရေးဌာနမှလုံခြုံရေးကြီးကြပ်သူသည်အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့် အာဏာရှိသည်။

(၁)လုံခြုံရေးစောင့်ရှောက်မှု သို့မဟုတ် ကူညီကယ်ဆယ်ရေးမရှိမဖြစ်လိုအပ်နေသောကလေးနှင့် ကလေး၏မိသားစုအားစုံစမ်းလေ့လာစစ်ဆေးရန်အတွက်ကလေးအားထိန်းသိမ်းထားရမည်။ကလေး တစ်ဦးချင်းစီနှင့်သင့်လျော်မည့်လုံခြုံရေးစောင့်ရှောက်မှုနှင့်ကူညီကယ်ဆယ်မှုပေးနိုင်သည့်နည်းလမ်း များကိုလည်းသတ်မှတ်ပေးရမည်။အကယ်၍လိုအပ်ပါကကလေးအား(၃)လမကျော်အချိန်ကာလအ တွင်းခေတ္တခဏထိန်းသိမ်းထားခြင်းပြုလုပ်နိုင်သည်။

(၂)ကူညီကယ်ဆယ်မှုပေးရမည့် သို့မဟုတ် လုံခြုံရေးစောင့်ရှောက်မှုပေးရမည့်ကလေး၏အသက်၊ ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တ၊ အသိပညာ၊ ပညာသင်ယူနာခံမှု၊ စိတ်ကျန်းမာရေးအခြေအနေ၊ အကျင့်စရိုက်၊ လုပ်ငန်းနှင့်ကလေး၏လူနေမှုအဆင့်အတန်းစုံစမ်းလေ့လာခြင်းကိုပြုလုပ်ရမည်။ ထို့အပြင်အုပ်ထိန်းသူ သို့မဟုတ် ကလေးနှင့်အတူနေထိုင်သူများ၊ ထို့မျှမကဘေးပတ်ဝန်းကျင်ရှိ ကလေးနှင့်သက်ဆိုင်သောအရာအားလုံး၏အချက်အလက်များ၊ ကူညီကယ်ဆယ်မှု သို့မဟုတ် လုံခြုံစောင့်ရှောက်မှုပေးရမည့်အခြေအနေရောက်အောင်ဖြစ်စေသည့်အချက်များကိုသက်ဆိုင်ရာအဖွဲ့ အစည်းများထံသို့အစီရင်ခံရန်အတွက်စုံစမ်းလေ့လာစစ်ဆေးခြင်းပြုလုပ်ရမည်ဖြစ်သည်။

(၃)ကြီးကြပ်အုပ်ထိန်းမှုအောက်တွင်ရှိသောကလေး၏စိတ်ကျန်းမာရေးနှင့်ကိုယ်ကျန်းမာရေးတို့ကို စစ်ဆေးပေးခြင်းနှင့်အတူကုသမှုနှင့်ဖြေရှင်းခြင်းများကိုပါစီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။

(၄)ကြီးကြပ်အုပ်ထိန်းမှုအောက်တွင်ရှိသောကလေးနှင့်သင့်လျော်၍ကျန်းမာရေးနှင့်ညီညွတ်သောနေထိုင် ရေးအဆောက်အအုံ၊ အိပ်ယာ၊ စောင်အစရှိသောအရာများကိုစီစဉ်ပေးခြင်းအပြင်အာဟာရရှိ၍ လုံလောက်သောအစားအစာများကိုလည်းစီစဉ်ပေးရမည်ဖြစ်သည်။

(၅)ကြီးကြပ်အုပ်ထိန်းမှုအောက်၌ရှိသောကလေးများ၏တစ်ဦးချင်းအခြေအနေ၊အသက်အရွယ်နှင့်လျော်ညီ သောပညာရေး၊ အားကစားနှင့်ပျော်ရွှင်သောကစားနည်းများကိုလည်းစီစဉ်ပေးရမည်။

(၆)ဖော်ပြပါအချက် (၁) နှင့် (၂) အရဆောင်ရွက်ပေးသောကလေးအားကူညီကယ်ဆယ်ရေးဌာန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးကျောင်း သို့မဟုတ် ကူညီကယ်ဆယ်ရန်ရည်ရွယ်

၍တည်ဆောက်ထားသောဌာနများသို့ပို့ဆောင်ပေးခြင်း သို့မဟုတ် ကလေးတစ်ဦးစီ၏အသက် အရွယ်၊ အနေအထားတို့နှင့်ကိုက်ညီမှုရှိသောလုံခြုံရေးစောင့်ရှောက်မှုပေးခြင်းတို့ကိုပြုလုပ်ရမည် ဖြစ်သည်။

(၇)အုပ်ထိန်းသူ သို့မဟုတ် ကလေးအားကြည့်ရှုစောင့်ရှောက်လိုသူတို့ထံကလေးအားပြန်လည်ပေးအပ်ရမည်။အကယ်၍ ပုဒ်မ ၄၈ အရ လုံခြုံရေးကြီးကြပ်သူအားခန့်အပ်သင့်သည်ဟုယူဆပါကသက်ဆိုင်သည့်အခြေအနေပေါ်မူတည်၍ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့ထံခွင့်ပြုချက်တောင်းခံလွှာအားတင်သွင်းရမည်။

(၈) ကူညီကယ်ဆယ်မှုမဖြစ်မနေလိုအပ်သည့်အခြေအနေ သို့မဟုတ် လုံခြုံရေးစောက်ရှောက်မှုမဖြစ်မနေပေးရမည့်အနေအထားတွင်ရှိသောကလေး၏အုပ်ထိန်းသူအားအကြံဉာဏ်များပေးခြင်း၊ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများနှင့်ကူညီမှုများပေးခြင်းတို့ကိုပြုလုပ်ရမည်။

ယာယီလက်ခံရေးဌာန၏လုံခြုံရေးကြီးကြပ်သူသည်ကလေးအားအုပ်ထိန်းသူနှင့်အတူနေထိုင်နိုင်ရန်အရင်ဦးစားပေးဆောင်ရွက်ပေးရမည်ဖြစ်ပြီးကူညီကယ်ဆယ်ရေးဌာန၊လုံခြုံရေးစောင့်ရှောက်မှုဌာနနှင့်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးဌာနများသို့ပို့ဆောင်ခြင်းကိုနောက်ဆုံးနည်းလမ်းအဖြစ်သာစီစဉ်ရမည်။

ပုဒ်မ ၅၇။ ။ဤဥပဒေပြဋ္ဌာန်းချက်များအရသော်လည်းကောင်း သို့မဟုတ် တခြားဥပဒေ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်းတည်ထောင်ထားသောကူညီကယ်ဆယ်ရေးဌာန သို့မဟုတ် လုံခြုံရေးစောင့်ရှောက်မှုဌာနတို့၏လုံခြုံကြီးကြပ်သူနှင့်ခွင့်ပြုချက်ရထားသူများသည်ကူညီကယ်ဆယ်ရေးနှင့်လုံခြုံရေးစောင့်ရှောက်မှုအမှန်တကယ်လိုအပ်သောကလေးတိုင်းကိုကြည့်ရှုစောင့်ရှောက်ရမည်။

ပုဒ်မ ၅၈။ ။ကူညီကယ်ဆယ်ရေးဌာန၏လုံခြုံရေးကြီးကြပ်သူသည် ပုဒ်မ ၅၆ (၁) (၂) (၃) နှင့် (၄) အရလုပ်ဆောင်ရမည့်တာဝန်နှင့်အခွင့်အာဏာများအပြင်အောက်ဖော်ပြပါတာဝန်နှင့်အခွင့်အာဏာလည်းရှိသည်။

(၁)ကူညီကယ်ဆယ်ရေးဌာနမှကြီးကြပ်ကြည့်ရှုနေသောကလေးများအတွက်ပညာရေး၊ သွန်သင်ဆုံးမမှုနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းသင်တန်းများကိုကလေးတစ်ဦးချင်းစီအလိုက်သင့်လျော်အောင်စီစဉ်ပေးရမည်။

(၂)ကလေးအုပ်ထိန်းသူများကိုနည်းပေးလမ်းညွှန်ခြင်း၊ဆွေးနွေးတိုင်ပင်ခြင်းနှင့်အကူညီပေးခြင်းတို့ကိုဆောင်ရွက်ပေးရမည်။

(၃)ကူညီကယ်ဆယ်ရေးဌာနတွင်နေထိုင်ခဲ့ဖူးသောကလေးအားယခင်အခြေအနေသို့ပြန်လည်ရောက်ရှိခြင်းမရှိစေရန်ကလေးအားကူညီကယ်ဆယ်ပေးခြင်းနှင့်လုံခြုံရေးစောင့်ရှောက်မှုပေးသည့်အနေဖြင့်အဆိုပါထွက်ခွါပြီးသောကလေးများကိုဂရုတစိုက်အဆက်မပြတ်ကြည့်ရှုစစ်ဆေးပေးခြင်း၊ဆွေးနွေးတိုင်ပင်မှုပေးခြင်းနှင့်ကူညီပေးခြင်းတို့ကိုပြုလုပ်ရမည်။

အကယ်၍ယာယီစောင့်ရှောက်ရေးဌာနမှလေ့လာစုံစမ်းခြင်းနှင့်စစ်ဆေးမေးမြန်းခြင်းပြုပြီးမှတ်တမ်းတင်အစီရင်ခံစာနှင့်အတူပို့ဆောင်လာသောကလေးအား ပုဒ်မ ၅၆ (၂) အရလေ့လာစုံစမ်းခြင်းနှင့်စစ်ဆေးမေးမြန်းခြင်းပြုလုပ်ရန်မလိုဘဲခြွင်းချန်နိုင်သည်။

ပုဒ်မ ၅၉။ ။လုံခြုံမှုစောင့်ရှောက်ရေးဌာန၏လုံခြုံရေးကြီးကြပ်သူသည်အောက်ဖော်ပြပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာရှိသည်။

(၁) လုံခြုံမှုစောင့်ရှောက်ရေးဌာန၌ရှိသောကလေးများကိုအုပ်ထိန်းကြည့်ရှုခြင်းနှင့်ကျွေးမွေးစောင့်ရှောက်ခြင်း။

(၂) လုံခြုံမှုစောင့်ရှောက်ရေးဌာန၌ရှိသောကလေးများ၏ပညာရေး၊ သင်တန်းများနှင့်အသက်မွေးဝမ်းပညာရပ်လေ့ကျင့်သင်တန်းများကိုစီစဉ်ပေးခြင်း။

(၃) လုံခြုံမှုစောင့်ရှောက်ရေးဌာန၌ရှိသောကလေးများ၏ကိုယ်စွမ်းရည်စိတ်စွမ်းရည်များပြန်လည်နိုးကြားလာစေရန်၊ အကျင့်စာရိတ္တပြုပြင်ရန်နှင့်သက်သာအောင်ကုသပေးရန်စီစဉ်ခြင်း။

(၄)လုံခြုံရေးစောင့်ရှောက်မှုဌာနမှထွက်သွားပြီးသောကလေးများကိုဂရုစိုက်ကြည့်ရှုပေးခြင်းနှင့်အဆက်မပြတ်ဆွေးနွေးတိုင်ပင်မှုပေးခြင်း၊အကြံဉာဏ်များပေးခြင်းနှင့်ကူညီမှုများပေးခြင်း။

ပုဒ်မ ၆၀။ ။ပြန်လည်နိုးကြားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှလုံခြုံရေးအုပ်ထိန်းသူသည်အောက်ဖော်ပြပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာရှိသည်။

(၁) ကိုယ်စိတ်စွမ်းရည်များကောင်းမွန်အောင်ကုသရေးနှင့်ပြည်လည်နိုးကြားလာရေးမရှိမဖြစ်လိုအပ်သောကလေးများကိုကြည့်ရှုစောင့်ရှောက်ပေးရန်လက်ခံခြင်း။

(၂) ကလေးတစ်ဦးချင်းနှင့်သင့်လျော်သောဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်နိုးကြားရေးနည်းလမ်းများကိုချမှတ်နိုင်စေရန်ကလေးနှင့်ကလေး၏မိသားစုဆိုင်ရာအချက်အလက်များကိုလေ့လာစုံစမ်းခြင်းနှင့်စစ်ဆေးမေးမြန်းခြင်းများကိုပြုလုပ်ရမည်။

(၃) အုပ်ထိန်းကြည့်ရှုစဉ်ကာလအတွင်းကလေးတစ်ဦးချင်းနှင့်သင့်လျော်သောပညာရေး၊ လေ့ကျင့်ရေးသင်တန်းများ၊ သွန်သင်ဆုံးမခြင်း၊ လေ့ကျင့်ကုသခြင်း၊ နည်းပေးလမ်းညွှန်ပြုခြင်းနှင့်ကိုယ်စိတ်အခြေအနေများပြန်လည်ကောင်းမွန်အောင်လေ့ကျင့်ပေးခြင်း။

ပုဒ်မ ၆၁။ ။လုံခြုံရေးကြီးကြပ်သူနှင့်ကလေးထိန်းကျောင်းများတွင်အလုပ်လုပ်ကိုင်နေသောသူများ၊ ယာယီစောင့်ရှောက်ရေးဌာန၊ကူညီကယ်ဆယ်ရေးဌာန၊လုံခြုံမှုစောင့်ရှောက်ရေးဌာနနှင့်ဖွံ့ဖြိုးရေးနှင့်ပြန်လည်နိုးကြားရေးဌာနစသည့်ဌာနများ၏ပိုင်ရှင်တို့သည်မိမိတို့၏ကြည့်ရှုစောင့်ရှောက်မှုအောက်တွင်ရှိသောကလေးများအားသွန်သင်ဆုံးမခြင်းကိုဝန်ကြီးအဖွဲ့မှချမှတ်ထားသောစည်းမျဉ်းများအတိုင်းထိုက်သင့်သလောက်သာ

ပြုလုပ်နိုင်ပြီးတခြားသောအကြမ်းဖက်သည့်နည်းများဖြင့်အပြစ်ပေးခြင်း၊ စွန့်ပစ်ထားခြင်း၊ ချုပ်နှောင်ထားခြင်း၊ ကိုယ်နှင့်စိတ်ကိုညှင်းပန်းနှိပ်စက်ခြင်းများကိုလုံးဝမပြုလုပ်ရ။

ပုဒ်မ ၆၂။ ။ဤဥပဒေပြဋ္ဌာန်းချက်များကိုလိုက်နာကျင့်သုံးခြင်းအရသော်လည်းကောင်း၊ ဝန်ကြီးဌာနအတွင်းဝန် သို့မဟုတ် ခရိုင်ဦးစီးမှူးတို့မှခန့်အပ်ခြင်းအရသော်လည်းကောင်းဖြစ်လာသောလုံခြုံရေးကြီးကြပ်သူသည်ရာဇဝတ်ဥပဒေကျင့်ထုံးများအရတာဝန်ရှိပုဂ္ဂိုလ်ဖြစ်စေရမည်။

အခန်း(၇)

**ကျောင်းသားကျောင်းသူများနှင့်အဆင့်မြင့်ပညာသင်ယူသည့်ကျောင်းသူကျောင်းသားများ ကိုယ်ကျင့်အပြုအမူများကောင်းမွန်စေရေးထောက်ပံ့ခြင်းများ**

---

ပုဒ်မ ၆၃။ ။စာသင်ကျောင်းများနှင့်ပညာသင်ကြားရေးဌာနများသည်ဝန်ကြီးအဖွဲ့မှချမှတ်ထားသောသတ်မှတ်ချက်များ ၊ နည်းလမ်းများ၊စံချိန်စံညွှန်းများအတိုင်းအခြေခံပညာသင်ကျောင်းသားကျောင်းသူများနှင့်အဆင့်မြင့်ပညာသင်သားကျောင်းသားကျောင်းသူများ၏လုံခြုံရေး၊ လူအဖွဲ့အစည်းအပေါ်တာဝန်ယူတတ်ရေးနှင့်အကျင့်စာရိတ္တကောင်းမွန်ရေးစသည့်တို့ကိုအားပေးကူညီရန်အဆိုပါကျောင်းသူကျောင်းသားများအပါအဝင်အုပ်ထိန်းသူများကိုပါပညာပေးသင်တန်းများပြုလုပ်ပေးခြင်း၊နည်းပေးလမ်းညွှန်တိုင်ပင်ဆွေးနွေးမှုဆိုင်ရာလှုပ်ရှားမှုများနှင့်စနစ်ကျသောလုပ်ငန်းစဉ်တို့ကိုစီစဉ်ပေးရမည်။

ပုဒ်မ ၆၄။ ။အခြေခံပညာသင်ကျောင်းသားကျောင်းသူများနှင့်အဆင့်မြင့်ပညာသင်းသားကျောင်းသားကျောင်းသူများသည်ကျောင်း သို့မဟုတ် ပညာသင်ကြားရေးဌာနနှင့်ဝန်ကြီးဌာနများမှချမှတ်ထားသောစည်းကမ်းများအတိုင်းလိုက်နာကျင့်ကြံပြုမူရမည်။

ပုဒ်မ ၆၅။ ။အခြေခံပညာသင်ကျောင်းသားကျောင်းသူများနှင့်အဆင့်မြင့်ပညာသင်ကျောင်းသားကျောင်းသူများတို့မှဥပဒေ ပုဒ်မ ၆၄ ကိုချိုးဖေါက်ပါကလူမှုဝန်ထမ်းအရာရှိသည်ဝန်ကြီးဌာနမှချမှတ်ထားသောစည်းမျဉ်းများအတိုင်းနာဆောင်ရွက်နိုင်သည်။ထို့အပြင်ပြစ်မှုကျူးလွန်သောအခြေခံပညာသင်ကျောင်းသားကျောင်းသူ သို့မဟုတ် အဆင့်မြင့်ပညာသင်သားကျောင်းသားကျောင်းသူကိုစစ်ဆေးမေးမြန်းခြင်းနှင့်ဆုံးမသွန်သင်ခြင်းပြုလုပ်ရန်သက်ဆိုင်ရာပညာသင်ကြားရေးဌာန၏ဌာနအုပ်သို့မဟုတ်ကျောင်းအုပ်တို့ထံ

အပ်နှံရမည်။အကယ်၍ပြစ်မှုကျူးလွန်သူအားခေါ်ဆောင်ပြီးအမိအရအပ်နှံနိုင်ခြင်းမရှိပါကနုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်းအကြောင်းကြားနိုင်ပါသည်။

လူမှုဝန်ထမ်းအရာရှိ၊ ကျောင်းညွှန်ကြားရေးမှူး သို့မဟုတ် ပညာရေးဌာနမှဌာနအုပ်တို့မှပြစ်မှုကျူးလွန်သောအခြေခံပညာသင်ကျောင်းသားကျောင်းသူနှင့်အဆင့်မြင့်ပညာသင်းသားကျောင်းသားကျောင်းသူကိုသွန်သင်ဆုံးမခြင်း သို့မဟုတ် အပြစ်ပေးခြင်းများပြုပြီးသည့်အပြင်အုပ်ထိန်းသူမှကလေးအားနောက်တစ်ဆင့်ထပ်မံသတိပေးဆုံးမခြင်းများပြုလုပ်နိုင်ရန်အုပ်ထိန်းသူထံကိုပါအကြောင်းကြားရမည်။

ဝန်ကြီးဌာနမှချမှတ်ထားသောစည်းမျဉ်းများအတိုင်းဆုံးမသွန်သင်နိုင်ရန်အခြေခံပညာသင်ကျောင်းသားကျောင်းသူနှင့်အဆင့်မြင့်ပညာသင်းသားကျောင်းသားကျောင်းသူကိုထိုက်သင့်လောက်သောအပြစ်ပေးခြင်းသာပြုလုပ်နိုင်သည်။

ပုဒ်မ ၆၆။ ။ဤဥပဒေအခန်း၌ပြဋ္ဌာန်းထားသောပြဋ္ဌာန်းချက်များအရသက်ဆိုင်ရာတာဝန်ရှိသောသူများသည်အခြေခံပညာသင်ကျောင်းသားကျောင်းသူများနှင့်အဆင့်မြင့်ပညာသင်ကျောင်းသားကျောင်းသူများ၏အကျင့်စာရိတ္တကောင်းမွန်လာစေရေးထောက်ပံ့ခြင်းကိုစီစဉ်ဆောင်ရွက်ရန်အခွင့်အာဏာရှိသည်။

(၁) ဥပဒေပုဒ်မ ၆၄ ကိုချိုးဖေါက်သောအခြေခံပညာသင်ကျောင်းသားကျောင်းသူနှင့်အဆင့်မြင့်ပညာသင်ကျောင်းသားကျောင်းသူတို့၏အကျင့်စာရိတ္တ၊ ပညာရေး၊ အကျင့်စရိုက်နှင့်အသိပညာများနှင့်ပတ်သက်သောအချက်တို့ကိုအခြေခံပညာသင်ဆရာဆရာမများ၊ အဆင့်မြင့်ပညာသင်ဆရာဆရာမများ သို့မဟုတ် ပညာရေးဌာနဦးစီးမှူးတို့ထံမေးမြန်းစုံစမ်းမေးမြန်းရမည်။

(၂)အဆိုပါပညာသင်ယူနေဆဲအခြေခံပညာသင်ကျောင်းသူကျောင်းသား သို့မဟုတ် အဆင့်မြင့်ပညာသင်ယူနေသောကျောင်းသူကျောင်းသားကိုင်ငင်းပညာရေးဌာနများမှအခြေခံပညာသင်ဆရာဆရာမများ၊ အဆင့်မြင့်ပညာသင်ဆရာဆရာမများ သို့မဟုတ် ပညာရေးဌာနဦးစီးမှူးနှင့်အုပ်ထိန်းသူတို့မှထပ်မံသွန်သင်ဆုံးမနိုင်စေရန်လာရောက်ပြန်လည်ခေါ်ဆောင်သွားစေရမည်။

(၃) အခြေခံပညာသင်ကျောင်းသားကျောင်းသူများ သို့မဟုတ် အဆင့်မြင့်ပညာသင်ကျောင်းသားကျောင်းသူများ၏အုပ်ထိန်းသူများကိုသွန်သင်ဆုံးမခြင်းနှင့်ပတ်သက်၍အကြံဉာဏ်များပေးရမည်။

(၄) အခြေခံပညာ သို့မဟုတ် အဆင့်မြင့်ပညာသင်ယူနေသောသားသမီးတို့အား ပုဒ်မ ၆၄ ကိုမချိုးဖေါက်စေရန်ထိန်းသိမ်းပါမည်ဟုအုပ်ထိန်းသူအားခံဝန်ချုပ်ပြုစေခြင်း သို့မဟုတ် သတိပေးခြင်းစသည့်တို့ကိုပြုလုပ်ရန်အုပ်ထိန်းသူအားဆင့်ခေါ်ရမည်။

(၄) အခြေခံပညာသင်ကျောင်းသားကျောင်းသူများ သို့မဟုတ် အဆင့်မြင့်ပညာသင်ကျောင်းသားကျောင်းသားအားအကျင့်စာရိတ္တပျက်ပြားစေရန်ဖြားယောင်းသွေးဆောင်သောနေရာ သို့မဟုတ် သွေးဆောင်ဖြားယောင်းသည့်အနေအထားရှိသည့်ပုဂ္ဂိုလ်တို့နှင့်သက်ဆိုင်သောအချက်အလက်များကိုစုံစမ်းစစ်ဆေးမေးမြန်းခြင်းများကိုပြုလုပ်သည့်အပြင်ကော်မတီအဖွဲ့ထံသို့အစီရင်ခံတင်ပြရမည်ဖြစ်သည်။

(၆)ဤဥပဒေအခန်း၌ပြဋ္ဌာန်းထားသောပြဋ္ဌာန်းချက်များအတိုင်းအကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် ကျောင်း သို့မဟုတ် ပညာသင်ကြားရေးဌာန၏ညွှန်ကြားရေးမှူး၊ ဆရာဆရာမများ၊ အုပ်ထိန်း သူများ၊ ပြည်သူရဲ သို့မဟုတ် တခြားသောသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်ညှိနှိုင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်နိုင်သည်။

ပုဒ်မ ၆၇။ ။အခြေခံပညာသင်ကျောင်းသားကျောင်းသူများ သို့မဟုတ် အဆင့်မြင့်ပညာသင်ကျောင်းသားကျောင်းသူများ၏အကျင့်စာရိတ္တနှင့်ဆိုင်သောစည်းမျဉ်းများ သို့မဟုတ် ဥပဒေများကိုချိုးဖေါက်နေသည်ဟုသံသယဖြစ်ရန်ခိုင်လုံသည့်အကြောင်းများရှိပါကသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်သည်အဆိုပါသံသယဖြစ်သည့်နေရာအဆောက်အအုံနှင့်ဌာနများ သို့မဟုတ် သယ်ယူပို့ဆောင်ရေးယာဉ်တိုင်းကိုနေထွက်ချိန်မှနေဝင်ချိန်အထိ သို့မဟုတ် တာဝန်သတ်မှတ်ထားသည့်အချိန်အတောအတွင်းစုံစမ်းမေးမြန်းနိုင်ရန်ဝင်ရောက်စစ်ဆေးနိုင်သည်။

သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်သည်ဖော်ပြပါပထမပိုဒ်အရတာဝန်ထမ်းဆောင်ရာ၌မိမိ၏ဝန်ထမ်းကဒ်ကို အရင်ထုတ်ပြရမည်။ ထို့အပြင်သက်ဆိုင်သောသူများကိုလည်းသင့်လျော်သောအဆင်ပြေမှုပေးရမည်ဖြစ်သည်။

သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ဝန်ထမ်းကဒ်ပြားသည်နိုင်ငံတော်ဥပဒေများကြေငြာပြဋ္ဌာန်းခြင်း စာစောင်တွင်ထည့်သွင်းကြော်ငြာသည့်ဝန်ကြီးဌာနမှချမှတ်ထားသောပုံစံများအတိုင်းဖြစ်ရမည်။

## အခန်း(၈)

## ကလေးစောင့်ရှောက်ရေးရန်ပုံငွေ

---

ပုဒ်မ ၆၈။ ။လူအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာန၏အတွင်းဝန်ရုံး၌ရန်ပုံငွေတစ်ခုအား အစိုးရမှထူထောင်ပေးရမည်။ ထိုရန်ပုံငွေကိုကလေးစောင့်ရှောက်ရေးရန်ပုံငွေဟုခေါ်ဆိုရမည်။ ထိုရန်ပုံငွေကိုကလေးသူငယ်အကျင့်စာရိတ္တပြုပြင်ပေးရန်အတွက်လည်းကောင်း၊လုံခြုံရေးစောင့်ရှောက်မှုပေးရန်အတွက်လည်းကောင်း၊ကူညီကယ်ဆယ်ရေးအသုံးစရိတ်အပြင်ဤဥပဒေပြဋ္ဌာန်းချက်များအရကလေး၏မိသားစုနှင့်မွေးစားမိသားစုကုန်ကျစရိတ်များအတွက်အသုံးချရန်ဖြစ်သည်။

ပုဒ်မ ၆၉။ ။ရန်ပုံငွေ၌အကျုံးဝင်သည်များမှာ၊

(၁) အစိုးရမှပုံမှန်ချမှတ်ပေးသောရန်ပုံငွေ၊

(၂) နှစ်စဉ်ရအသုံးခန့်မှန်းခြေငွေစာရင်းအရရရှိသောငွေကြေးများ၊

(၃) ငွေကြေးသို့မဟုတ်ပစ္စည်းများလှူဒါန်းသူများမှရရှိခြင်း သို့မဟုတ် လက်ခံရရှိခြင်း၊

(၄) နိုင်ငံခြားအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများမှထောက်ပံ့သောငွေကြေးများ၊

(၅) ရန်ပုံငွေဖြစ်သွားသောငွေကြေး သို့မဟုတ် ပစ္စည်းများ သို့မဟုတ် စာချုပ်စာတမ်းများအရ သော်လည်ကောင်းဥပဒေအရသော်လည်ကောင်းရန်ပုံငွေအတွက်ရရှိသောငွေကြေး သို့မဟုတ် ပစ္စည်းများ၊

(၆) ပုဒ်မ ၃၉ အရခံဝန်ချုပ်ပျက်ကွက်သောအုပ်ထိန်းသူများထံမှသိမ်းဆည်းရရှိသောအာမခံငွေများ၊

(၇) ရန်ပုံငွေကြောင့်ရရှိလာသောငွေကြေး သို့မဟုတ် ပစ္စည်းအကျိုးအမြတ်များစသည်တို့ပါဝင်သည်။

ပုဒ်မ ၇၀။ ။ရန်ပုံငွေကြောင့်ဖြစ်ပေါ်လာသောငွေကြေးနှင့်အကျိုးအမြတ်များကိုနိုင်ငံတော်ပိုင်ငွေအဖြစ်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ပေးပို့ရန်မလိုအပ်ပေ။

ပုဒ်မ ၇၁။ ။ရန်ပုံငွေကြီးကြပ်စီမံရေးကော်မတီအဖွဲ့တစ်ဖွဲ့ထားရှိရမည်။ ထိုကော်မတီအဖွဲ့တွင်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာနအတွင်းဝန်အားကော်မတီခေါင်းဆောင်အဖြစ်ခန့်အပ်ရမည်ဖြစ်ပြီးပြည်ထဲရေးရာဝန်ကြီးဌာနအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနအတွင်းဝန်၊ နိုင်ငံတော်ရသုံးခန့်မှန်းခြေငွေစာရင်းရုံးမှကိုယ်စားလှယ်၊နိုင်ငံတော်စာရင်းကိုင်ဦးစီးဌာနကိုယ်စားလှယ်နှင့်ကော်မတီမှရွေးချယ်ခန့်အပ်သောအများဆုံးသုံးဦးထက်မကျော်သောနာယကများအဆိုပါနာယကသုံးဦးတွင်ကလေးသူငယ်သက်သာချောင်ချိရေးအရပ်ဘက်ဆိုင်ရာမှအနည်းဆုံးတစ်ဦးပါဝင်ရမည်ဖြစ်ပြီးဖော်ပြပါကိုယ်စားလှယ်အသီးသီးအားကော်မတီဝင်များအဖြစ်ခန့်အပ်ရမည်။ ထို့အပြင်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာနဒုအတွင်းဝန်အားကော်မတီဝင်အတွင်းရေးမှူးအဖြစ်ကိုယင်းဌာန၏အတွင်းဝန်မှတင်မြှောက်စေရမည်။

ပုဒ်မ ၇၂။ ။ရာထူးခန့်အပ်ရေး၊ ရာထူးမှရပ်စဲရေး၊ ရန်ပုံငွေကြီးကြပ်စီမံခန့်ခွဲရေးကော်မတီ၏အစည်းအဝေးပြုလုပ်ခြင်းနှင့်ရန်ပုံငွေကြီးကြပ်စီမံမှုဆိုင်ရာဆပ်ကော်မတီ သို့မဟုတ် အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်းများတွင် ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၅ ပါ ပါပြဋ္ဌာန်းချက်များအတိုင်းအစားထိုးလိုက်နာကျင့်သုံးနိုင်သည်။

ပုဒ်မ ၇၃။ ။ရန်ပုံငွေကြီးကြပ်စီမံခန့်ခွဲရေးကော်မတီသည်အောက်ဖော်ပြပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာရှိသည်။

(၁) ကော်မတီအဖွဲ့မှချမှတထားသောစည်းမျဉ်းများအတိုင်းရန်ပုံငွေများကိုကြီးကြပ်စီမံခန့်ခွဲခြင်း။

(၂) ကလေးများအားကူညီကယ်ဆယ်ရေးပေးခြင်း၊လုံခြုံမှုစောင့်ရှောက်ရေးပေးခြင်း၊ကလေးသူငယ်အကျင့်စာရိတ္တပြုပြင်ပေးရေးဆိုင်ရာကိစ္စများအပြင်ကလေး၏မိသားစုနှင့်မွေးစားမိသားစုဆိုင်ရာများအတွက်အသုံးစရိတ်ချမှတ်ပေးသောခွင့်ပြုချက်များကိုတရားရုံးမှချမှတ်သောအမိန့်စာအရလည်ကောင်း၊ ကော်မတီအဖွဲ့မှချမှတ်ထားသောစည်းမျဉ်းများအရလည်ကောင်းစစ်ဆေးသုံးသပ်ခြင်း။

(၃) ကော်မတီအဖွဲ့မှချမှတ်ထားသောစည်းမျဉ်းများအတိုင်းငွေကြေးကဏ္ဍဆိုင်ရာအခြေအနေများနှင့်ရန်ပုံငွေကြီးကြပ်စီမံခန့်ခွဲမှုများကိုကော်မတီထံသို့အစီရင်ခံခြင်း။

ပုဒ်မ ၇၄။ ။ငွေကြေးလက်ခံခြင်း၊သုံးစွဲခြင်း၊ထိန်းသိမ်းစောင့်ရှောက်ခြင်း၊အကျိုးအမြတ်ရရှိအောင်ရှာဖွေစီမံခြင်းနှင့် ရန်ပုံငွေစီမံခန့်ခွဲခြင်းများသည်ကော်မတီမှချမှတ်ထားသောစည်းမျဉ်းများအတိုင်းလိုက်နာဆောင်ရွက် ရမည်။

ပုဒ်မ ၇၅။ ။ရန်ပုံငွေဆောင်ရွက်ခြင်းဆိုင်ရာနှင့်ပတ်သက်၍အကျိုးထိရောက်မှုအားသုံးသပ်ခြင်းနှင့်စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးခြင်းများကိုပြုလုပ်ရန်ငါးဦးပါကော်မတီကိုဖွဲ့စည်းရမည်။ထိုငါးဦးပါကော်မတီတွင်အကျိုးထိ ရောက်မှုစစ်ဆေးသုံးသပ်ခြင်း၊ကလေးသက်သာချောင်ချိရေးနှင့်ငွေးကြေးကဏ္ဍစသည့်ကဏ္ဍဆိုင်ရာကျွမ်းကျင် ၍အတွေ့ကြုံရှိသူများကိုဖော်ပြပါကော်မတီ၏ဥက္ကဋ္ဌနှင့်ကော်မတီနာယကများအဖြစ်ရွေးကောက်တင် မြောက်ရမည်။လူအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားလုံခြုံရေးဝန်ကြီးဌာနာဒုအတွင်းဝန်အားယင်း ဝန်ကြီးဌာနအတွင်းဝန်၏ခန့်အပ်ခြင်းအရကော်မတီဝင်အတွင်းရေးမှူးဖြစ်စေရမည်။

ဖော်ပြပါကော်မတီဝင်များ၏ရာထူးခန့်အပ်ရေး၊ ရာထူးမှရပ်စဲရေး၊ ဖော်ပြပါပထမပိုဒ်အရစဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးခြင်းနှင့်အကျိုးထိရောက်မှုသုံးသပ်ရေးကော်မတီ၏အစည်းအဝေးပြုလုပ်ရေးတို့၌ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်များအတိုင်းအစားထိုးလိုက်နာကျင့်သုံး နိုင်သည်။

ပုဒ် ၇၆။ ။ပုဒ် ၇၅ အရစဉ်ဆက်မပြတ်ကြည့်ရှုစစ်ဆေးခြင်းနှင့်အကျိုးထိရောက်မှုသုံးသပ်ရေးကော်မတီ သည်အောက်ဖော်ပြပါတာဝန်နှင့်လုပ်ပိုင်ခွင့်အာဏာရှိသည်။

(၁) ရန်ပုံငွေစီမံဆောင်ရွက်ချက်များကိုစဉ်ဆက်မပြတ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်အကျိုးထိရောက်မှု များကိုသုံးသပ်ခြင်း။
(၂) ကော်မတီထံသို့ဆောင်ရွက်မှုဆိုင်ရာအချက်အလက်များအပြင်အကြံပြုချက်များကိုပါတစ်ပါတည်း ပူးတွဲ၍အစီရင်ခံခြင်း။
(၃) အကျိုးထိရောက်မှုအားစစ်ဆေးသုံးသပ်ရန်အတွက်ရန်ပုံငွေနှင့်သက်ဆိုင်သည့်စာရွက်စာတမ်း သို့မဟုတ် အထောက်အထားများကိုတစ်စုံတစ်ဦးထံမှတောင်းယူပိုင်ခွင့်ရှိခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်အားရှင်းလင်းချက်ပေးရန်ခေါ်ဆိုပိုင်ခွင့်ရှိခြင်း။

ပုဒ် ၇၇။ ။ရန်ပုံငွေကြီးကြပ်စီမံခန့်ခွဲရေးကော်မတီသည်ရသုံးခန့်မှန်းခြေငွေကြေးနှင့်စာရင်းကိုပြုလုပ်ပြီးစာရင်းစစ် များထံသို့ပို့ခြင်းကိုနှစ်စဉ်နှစ်တိုင်းတစ်နှစ်စာရင်းပိတ်သည့်နေ့မှစ၍ရက်ပေါင်း(၁၂၀)အတွင်းပြုလုပ်ပြီးပို့ ပေးရမည်။
နိုင်ငံတော်ဘဏ္ဍာစစ်ဆေးရေးရုံးမှနှစ်ချုပ်ရန်ပုံငွေစစ်ဆေးခြင်းကိုပြုလုပ်ရပြီးရန်ပုံငွေဆိုင်ရာငွေကြေးစာရင်း ဇယားများ၏စစ်ဆေးမှုမှတ်တမ်းကိုပြုလုပ်ခြင်းအပြင်ငွေကြေးစာရင်းများအားထောက်ခံပေးခြင်းများကိုပါပြု လုပ်ပြီးကော်မတီအဖွဲ့ထံသို့တစ်နှစ်စာစာရင်းပိတ်သည့်နေ့မှရက်ပေါင်း(၁၅၀)အတွင်းတင်ပြရမည်။သို့မှ သာကော်မတီအဖွဲ့သည်ဝန်ကြီးများအဖွဲ့မှသိရှိနိုင်ရန်ဆက်လက်တင်ပြရမည်ဖြစ်သည်။

ဖော်ပြပါဒုတိယအပိုဒ်အရစာရင်းစစ်ဆေးမှုအစီရင်ခံစာကိုဝန်ကြီးမှတဆင့်ဝန်ကြီးချုပ်ထံသို့တင်ပြရမည် ဖြစ်ပြီးထိုမှတဆင့်ဝန်ကြီးချုပ်သည်ဤတင်ပြချက်များအားနိုင်ငံတော်ဥပဒေများကြေညာပြဋ္ဌာန်းခြင်းစာ စောင်ထည့်သွင်းကြေငြာစေရန်ပြည်သူ့လွှတ်တော်သို့ဆက်လက်တင်ပြရမည်။

အခန်း(၉)

ပြစ်ဒဏ်ချမှတ်ခြင်း

---

ပုဒ်မ ၇၈။ ။တစ်ဦးတစ်ယောက်သည် ပုဒ်မ ၂၆ အားချိုးဖေါက်ကျူးလွန်ပါက (၃)လ မကျော်သောထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေသုံးသောင်း သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးကျခံရမည်။

ပုဒ်မ ၇၉။ ။တစ်ဦးတစ်ယောက်သည် ပုဒ်မ ၂၇၊ ပုဒ်မ ၅၀ သို့မဟုတ် ပုဒ်မ ၆၁ တို့အားဖေါက်ဖျက်ကျူးလွန်ပါ က (၆)လ မကျော်သောထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေခြောက်သောင်း သို့မဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်စလုံးကျခံရမည်။

ပုဒ်မ ၈၀။ ။တစ်ဦးတစ်ယောက်သည် ပုဒ်မ ၁၀(၁) သို့မဟုတ် (၅) အရသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန် ထမ်းဆောင်မှုအားပိတ်ပင်ခြင်း သို့မဟုတ် ပုဒ်မ ၁၀(၄) အရစာရွက်စာတမ်းများတောင်းခံရာ တွင်စာရွက်စာတမ်းများအားမပေးလိုခြင်း သို့မဟုတ် စာရွက်စာတမ်းအတုများကိုသက်ဆိုင်ရာတာဝန်ရှိ သူများထံသို့ပေးခြင်းစသည်တို့ကိုဖေါက်ဖျက်ကျူးလွန်ပါက (၁)လ မကျော်သောထောင်ဒဏ်အထိဖြစ်စေ သို့မဟုတ် ဒဏ်ငွေတစ်သောင်းအထိဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံရမည်။

တစ်ဦးတစ်ယောက်သည်ထွက်ဆိုချက်များမပေးလိုခြင်း၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲလျက် ထွက်ဆိုချက်မပေးခြင်း သို့မဟုတ် ပုဒ်မ ၁၀(၃) အရတာဝန်ထမ်းဆောင်နေသည့်သက်ဆိုင်ရာ တာဝန်ရှိသူ များထံ၌မမှန်ကန်သောထွက်ဆိုချက်များပေးခြင်းပြုပါက (၁)လ မကျော်သော ထောင်ဒဏ်အထိဖြစ်စေ သို့မဟုတ် တစ်သောင်းထက်မကျော်သောဒဏ်ငွေကိုဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ် စလုံးဖြစ်စေကျခံရမည်။သို့ရာတွင်မမှန်ကန်သောထွက်ဆိုချက်ပေးသူ သည်ထွက်ဆိုချက်ပေးနေစဉ်အတွင်းမှန်ကန်သောထွက်ဆိုချက်ကိုပြန်လည်ပေးပါကရာဇဝတ်မှုအရပြစ် ဒဏ်ချမှတ်ဆောင်ရွက်ခြင်းမှရုပ်သိမ်းနိုင်သည်။

ပုဒ်မ ၈၁။ ။တရားရုံးမှချမှတ်ထားသောအပြုမူဆိုင်ရာထိန်းချုပ်ချက်များ၊ တားမြစ်နယ်မြေများ သို့မဟုတ် ပုဒ်မ ၄၃ အရကလေးအနီးမသွားရဟုသောအချက်များကိုဖေါက်ဖျက်ကျူးလွန်ပါက (၁)လ ထက်မကျော်သော ထောင်ဒဏ်ကိုဖြစ်စေ သို့မဟုတ် တစ်သောင်းထက်မကျော်သောဒဏ်ငွေကိုဖြစ်စေ သို့မဟုတ် ထောင် ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေကျခံရမည်။

ပုဒ်မ ၈၂။ ။တစ်ဦးတစ်ယာက်သည် ပုဒ်မ ၄၂ အရကလေးထိန်းကျောင်းများ၊ ယာယီထိန်းသိမ်းစောင့်ရှောက် ရေးဌာန၊ ကယ်ဆယ်ရေးဌာန၊လုံခြုံမှုစောင့်ရှောက်ရေးဌာနများ၊ ပြန်လည်နိုကြားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းများကိုခွင့်ပြုချက်အမိန့်စာမရှိဘဲသော်လည်ကောင်း သို့မဟုတ် ခွင့်ပြုချက်အမိန့်စာရုပ်သိမ်းခံ ရလျက်နှင့်သော်လည်ကောင်း သို့မဟုတ် ခွင့်ပြုချက်အမိန့်စာသက်တမ်းကုန်နေလျက်နှင့်သော် လည်ကောင်းအဆိုပါဌာနများအား ဖွင့်လှစ်ထားပါက (၁)လ ထက်မကျော်သောထောင်ဒဏ်ကိုဖြစ်စေ သို့မဟုတ် တစ်သောင်း ထက်မကျော်သောဒဏ်ငွေကိုဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ် နှစ်ရပ်စလုံးဖြစ်စေကျခံရမည်။

အကယ်၍အထက်ဖော်ပြပါပထမအပိုဒ်အရပြစ်မှုကျူးလွန်သူသည်သက်ဆိုင်ရာတာဝန်ရှိသူမှသတ်မှတ်ပေးထားသောအချိန်အတွင်းခွင့်ပြုချက်အမိန့်စာတောင်းခံခြင်း သို့မဟုတ် ခွင့်ပြုချက်အမိန့်စာသက်တမ်းတိုးခြင်းများပြုလုပ်ပါကအဆိုပါပြစ်မှုကျူးလွန်သူအားရာဇဝတ်ပြစ်မှုဆိုင်ရာအရေးယူခြင်းများမှရုပ်သိမ်းနိုင်သည်။

ပုဒ်မ ၈၃။ ။ကလေးထိန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဌာနများ၊ ကယ်ဆယ်ရေးဌာနများ၊ လုံခြုံမှုစောင့်ရှောက်ရေးဌာန သို့မဟုတ် ပြန်လည်နိုးကြားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကျောင်းများအဆိုပါဌာနများ သို့မဟုတ် ကျောင်းများ၏ပိုင်ရှင်များ သို့မဟုတ် လုံခြုံရေးကြီးကြပ်စောင့်ရှောက်ပေးသူတစ်စုံတစ်ယောက်သည်ဤဥပဒေပြဋ္ဌာန်းချက်များ သို့မဟုတ် ဝန်ကြီးဌာနချမှတ်သောဥပဒေများ သို့မဟုတ် ဤဥပဒေပြဋ္ဌာန်းချက်များအရထုတ်ပြန်ထားသောစည်းမျဉ်းများကိုလိုက်နာဆောင်ရွက်ခြင်းမရှိပါက (၁)လထက်မကျော်သောထောင်ဒဏ်ကိုဖြစ်စေ သို့မဟုတ် တစ်သောင်းထက်မကျော်သောဒဏ်ငွေ ကိုဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေကျခံရမည်။

အကယ်၍အထက်ဖော်ပြပါပထမအပိုဒ်အရပြစ်မှုကျူးလွန်သူသည်သက်ဆိုင်ရာတာဝန်ရှိသူ သို့မဟုတ် ပုဒ်မ ၂၄ အရကလေးလုံခြုံမှုစောင့်ရှောက်ရေးအတွက်တာဝန်ရှိသူမှပေးထားသောအကြံပြုချက်အတိုင်းလိုက်နာဆောင်ရွက်ခြင်း သို့မဟုတ် ဖြေရှင်းခြင်းပြုလုပ်ပါကအဆိုပါပြစ်မှုကျူးလွန်သူအားရာဇဝတ်ပြစ်မှုဆိုင်ရာအရေးယူခြင်းများမှပြန်လည်ရုပ်သိမ်းနိုင်သည်။

ပုဒ်မ ၈၄။ ။တစ်ဦးတစ်ယောက်သည်ယာယီစောင့်ရှောက်ရေးဌာန၊ ကယ်ဆယ်ရေးဌာန၊ လုံခြုံမှုစောင့်ရှောက်ရေးဌာနနှင့်ပြန်လည်နိုးကြားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၏လုံခြုံရေးကြီးကြပ်စောင့်ရှောက်သူအဖြစ်ကို ပုဒ်မ ၄၄ အရရွေးချယ်ခန့်အပ်ထားခြင်းမရှိဘဲလျက်ပြုလုပ်ပါက (၁)လ ထက်မကျော်သောထောင်ဒဏ်ကိုဖြစ် စေ သို့မဟုတ် တစ်သောင်းထက်မကျော်သောဒဏ်ငွေကိုဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေကျခံရမည်။

ပုဒ်မ ၈၅။ ။တစ်ဦးတစ်ယောက်သည်အခြေခံပညာသင်ကျောင်းသူကျောင်းသားများ သို့မဟုတ် အဆင့်မြင့်ပညာသင်ကျောင်းသူကျောင်းသားများအား ပုဒ်မ ၆၄ ပြဋ္ဌာန်းချက်အားဖေါက်ဖျက်ကျူးလွန်စေရန်ဆွပေးခြင်း၊ ထောက်ပံ့ပေးခြင်း၊ ကူညီပေးခြင်းသို့မဟုတ် အားပေးအားမြှောက်ပြုခြင်းများပြုလုပ်ပါက (၃)လထက်မကျော်သောထောင်ဒဏ်ကိုဖြစ်စေ သို့မဟုတ် သုံးသောင်းထက်မကျော်သောဒဏ်ငွေကိုဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေကျခံရမည်။

ပုဒ်မ ၈၆။ ။တစ်ဦးတစ်ယောက်သည် ပုဒ်မ ၆၇ အရတာဝန်ထမ်းဆောင်နေသောသက်ဆိုင်ရာတာဝန်ရှိသူများ၏လုပ်ဆောင်မှုအားနှောင့်ယှက်ပါက (၁)လ ထက်မကျော်သောထောင်ဒဏ်ကိုဖြစ်စေ သို့မဟုတ် တစ်သောင်းထက်မကျော်သောဒဏ်ငွေကိုဖြစ်စေ သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေကျခံရမည်။

အချိန်ကာလအရသတ်မှတ်ထားသောအပိုင်းများ

ပုဒ်မ ၈၇။ ။တော်လှန်ရေးကောင်စီ၏ ၂၇-၁၁-၂၅၁၅ နေ့စွဲပါအမိန့်ကြေညာချက်အမှတ် ၂၉၄ အရခွင့်ပြုချက်ရရှိထားပြီးယခုဤဥပဒေပြဋ္ဌာန်းသည့်အချိန်အထိဖွင့်လှစ်ထားသောအစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ကလေးထိန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဌာန၊ ကယ်ဆယ်ရေး

ဌာနနှင့်ကလေးလုံခြုံမှုစောင့်ရှောက်ရေးဌာနများကိုယခုပြဋ္ဌာန်းသည့်ဥပဒေပြဋ္ဌာန်းချက်အရကလေးထိန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဌာနများ၊ ကယ်ဆယ်ရေးဌာနများနှင့်လုံခြုံမှုစောင့်ရှောက်ရေးဌာနများဖြစ်စေရမည်။

ပုဒ်မ ၈၈။ ။ဤဥပဒေပြဋ္ဌာန်းချက်များအရထုတ်ပြန်သောအမိန့် သို့မဟုတ် ကြေငြာချက်၊ စည်းမျဉ်း၊ လိုက်နာကျင့်သုံးရမည့်အချက်များကိုဝန်ကြီးအဖွဲ့မှဥပဒေထုတ်ပြန်ခြင်းမရှိသေးသည့်ကာလအတွင်း တော်လှန်ရေးကောင်စီ၏ ၂၇-၁၁-၂၅၁၅ နေ့စွဲပါအမိန့်ကြေညာချက်အမှတ် ၂၉၄ နှင့်တော်လှန်ရေးကောင်စီ၏ ၂၂-၄-၂၅၁၅ နေ့စွဲပါအမိန့်ကြေညာချက်အမှတ် ၁၃၂ အရထုတ်ပြန်ထားသောအမိန့် သို့မဟုတ် ကြေငြာချက်၊ စည်းမျဉ်း၊ လိုက်နာကျင့်သုံးရမည့်အချက်များနှင့်ဝန်ကြီးအဖွဲ့မှထုတ်ပြန်ထားသောဥပဒေအသီးသီးတို့သည်ယခုပြဋ္ဌာန်းသည်ဥပဒေပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်မှုမရှိခြင်း သို့မဟုတ် ထိခိုက်ခြင်းများမရှိလျှင်ယခင်ပြဋ္ဌာန်းချက်များအတိုင်းဆက်လက်ကျင့်သုံးနိုင်သည်။

ဘုရင့်အမိန့်တော်အားလိုက်နာဆောင်ရွက်လက်ခံသူ
ဒုတိယ-ရဲမှူးကြီး ထပ်စင် ချင်နဝပ်
ဝန်ကြီးချုပ်

မှတ်ချက်- ဤဥပဒေအားပြဋ္ဌာန်းရခြင်း၏အကြောင်းအရင်းမှာတော်လှန်ရေးကောင်စီ၏ ၂၇-၁၁-၂၅၁၅ နေ့စွဲပါအမိန့်ကြေညာချက်အမှတ် ၂၉၄ နှင့်တော်လှန်ရေး ကောင်စီ၏ ၂၂-၄-၂၅၁၅ နေ့စွဲပါအမိန့်ကြေညာချက်အမှတ် ၁၃၂ အရထုတ်ပြန်ထားသောပြဋ္ဌာန်းချက်များကိုလိုက်နာကျင့်သုံးလာသည်မှာကြာညောင်းလာခဲ့ပြီးကူညီကယ်ဆယ်ရေး၊ လုံခြုံမှုစောင့်ရှောက်ရေးနှင့်ကလေးများ၏အကျင့်စာရိတ္တကောင်းမွန်စေရေးပံ့ပိုးမှုဆိုင်ရာအရေးပါသည့်အကြောင်းအရာများနှင့်အသေးစိတ်အချက်အလက်များသည်ယခုခေတ်ကာလလူမှုအဖွဲ့အစည်းနှင့်ဆီလျော်ကိုက်ညီမှုမရှိတော့ပါသဖြင့်ကလေးများအပေါ်ပြုမူဆက်ဆံခြင်း၌ပို၍ဆီလျော်အောင်အဆင့်သတ်မှတ်ခြင်းများနှင့်ပြန်လည်ပြင်ဆင်ခြင်းများကိုပြုလုပ်ထားသည်။ထိုသို့ပြုလုပ်ထားခြင်းမှာမိသားစုစုစည်းခိုင်မာရပ်တည်ရေးအတွက်အခြေခံအုတ်မြစ်များဖြစ်သောကလေးများအတွက်ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း၊သွန်သင်ဆုံးမခြင်းနှင့်မှန်ကန်သောဖွံ့ဖြိုးတိုးတက်မှုရရှိရေးကိုဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ထိုမှ့မက ကလေးများအားညှင်းပန်းနှိပ်စက်ခြင်း၊ မသမာသောစီးပွါးရှာခြင်းများတွင်ကလေးအားခုတုံးလုပ်၍အသုံးချခြင်း၊ မတရားသဖြင့်ပြုမူဆက်ဆံခံရခြင်းတို့မှကာကွယ်ရန်လည်းဖြစ်သည်။ ထို့အပြင်အစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောပုဂ္ဂလိကအဖွဲ့အစည်းများကြားတွင်ကလေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ချက်များအားထိုင်းနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်းရေးလမ်းစဉ်များအရလည်ကောင်း၊ ကလေးသူငယ်အခွင်းအရေးဆိုင်ရာပိဋ္ဌညာဉ်စာချုပ်အရသော်လည်ကောင်းကိုက်ညီဆီလျော်မှုရှိစေရန်ဤဥပဒေအားပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပါသည်။

ကီယက်ကွန်း/ ကန်ကျနာ/ ဖုန်ဖိလိုင် ပြင်ဆင်
ဖုံဖိလိုင်/ အနုကုန် ပြင်ဆင်
သာသနာသက္ကရာဇ် ၂၅၄၈ခုနှစ်၊ ဇူလိုင်လ၊ ၃ ရက်

ဝါထိနီ/စိုလွတ်/ ဖြည့်စွက်
သာသနာသက္ကရာဇ် ၂၅၄၈ခုနှစ်၊ လိုင်လ၊ ၁၈ ရက်

-Win---Innwa = font size 12